# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၃၈)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့်ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ဒီမိုကရေစီဖော်ဆောင်ဖို့ နိုင်ငံသားတိုင်းမဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများစနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုနှင့် ဈေးများစနစ်တကျဖြစ်စေရေး

စာမျက်နှာ ၁၆ ကော်လံ ၁ ★

**ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရေး** ဆောင်းပါးစာ - ၁၃ သို့

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဖျာပုံမြို့နယ်သို့ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်** စာ - ၇ သို့

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု C ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု C ပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၁၂ ရက် **(ယနေ့)** ညနေ ၅ နာရီခွဲတွင် မြန်မာယူ ၂၂ အမျိုးသားဘောလုံးအသင်းနှင့် အင်ဒိုနီးရှားယူ ၂၂ အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့်မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်)

# ကုန်ထုတ်လုပ်မှုပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး

နိုင်ငံတော်အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြသူများဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍတောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာထုတ်ကုန်များရှိသည်။ သယံဇာတပစ္စည်းများထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သည့် သစ်နှင့်ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၁)ပုဒ်မ ၃၅ ပါ **"နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"** ဟူသောပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်သည်။ အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည်ဖြစ်သည့်အတွက် နိုင်ငံ၏အခြေခံအချက်အလက်များအပေါ်မူတည်ပြီး နိုင်ငံ့စီးပွားရေးမည်သို့ဆောင်ရွက်သင့်သည်၊ မတူညီသည့်ဒေသ အခြေအနေများအပေါ်မူတည်ပြီး ဒေသအလိုက် စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည်ကို အဖြေရှာဖော်ထုတ်ရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲကလမ်းညွှန်ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၃၀ ရက်နေ့ကကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီးအားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစီးပွားရေးကဏ္ဍများပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့် နိုင်ငံတကာစီးပွားရေးအလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်အရှိန်အဟုန်မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ကြောင်း"** ပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့်ချမှတ်ထားသည့် ဆောင်ပုဒ်သုံးခုတွင် **"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသောဆောင်ပုဒ်ပါဝင်သည်။ နိုင်ငံစီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများမြှင့်တင်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းဖြစ်သည်။မြန်မာနိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေများလုံလောက်စွာရရှိမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေးကို ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံတစ်ခု၏ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြသည်။ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည်အဓိကကျသည်။ လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်းတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကိုမြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ပိုမိုရရှိနိုင်မည်ဖြစ်သည်။ သီးထပ်များပါပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများပိုမိုတိုးတက်မှုရှိစေရေး၊ တစ်ဧကချင်း အထွက်နှုန်းများတိုးတက်စေရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများစိုက်ပျိုးနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ပေါ်ဆန်းမွှေးစပါးနှင့်ကော်ဖီသည်လည်းပြည်ပဈေးကွက်ရှိပြီးဖြစ်သည်။ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် တစ်နိုင်ငံလုံးကိုကိုယ်စားပြုပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သူများဖြစ်၍ ကုန်ထုတ်လုပ်မှုများတိုးတက်စေရေးမဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်းများမှန်မှန်ကန်ကန်ဖြစ်စေရေးဆောင်ရွက်ရန်၊ ထုတ်ကုန်များထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းမှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များအရည်အသွေးပြည့်မီမှုရှိစေရေးဆောင်ရွက်ပေးကြရန်ကိုလည်း နိုင်ငံတော်အကြီးအကဲက အလေးထားမှာကြားထားသည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့စီးပွားရေးကောင်းမွန်စေရန် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၁၆ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

---

## ဆန္ဒမဲပေးနိုင်ရန် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ရမည်းသင်း ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို ဒီဇင်ဘာလ ၁၁ ရက် နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးသည်။

အဆိုပါအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များပူးပေါင်း၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၊ ရန်ကုန်-မန္တလေးကားလမ်းမဘေးနှင့် နာရီစင်ရှေ့ လူစည်ကားရာဖြစ်သည့်နေရာများ၌ လမ်းသွားလမ်းလာပြည်သူများအား ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ "တို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**တင်ဆန်းဦး**

---

## ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်များပေးအပ်

**ကဝ ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိဂရန်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ရန်အတွက် ငါးသားပေါက်များပေးအပ်ခြင်းကို ဒီဇင်ဘာလ ၁၁ ရက်နံနက်ပိုင်းတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှအောင်သိန်းက ငါးသယံဇာတများတိုးပွားလာစေရန်နှင့် နှစ်စဉ်မပြတ် ငါးထုတ်လုပ်နိုင်ရန်အတွက် ရည်ရွယ်၍ ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိဂရန်အင်းကိုးအင်းအတွက် ငါးမြစ်ချင်း ၂ လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၈၅၄၆ ကောင်ကို အင်းလုပ်ကိုင်သူများလက်ဝယ် အရောက်ပေးအပ်ကြောင်း သိရသည်။

**(၄၁၀)**

---

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၁၂-၂၀၂၅(သောကြာနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ For Youth | ၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ ၁၀:၀၀ သတင်း/သီချင်း | ၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ |
| ၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင် | ၆။ ၂၁:၂၀ စာလာတယ်ဗျို့ |

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၁၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၁၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၁၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၁၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၁၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ်(၄၆)၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်အထိ ချေးငွေများ ထုတ်ချေးထားရှိမှု၊ ပြန်လည်ပေးဆပ်မှု၊ သဘာဝဘေးအန္တရာယ်များကြောင့်ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှု၊ ချေးငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးနေမှု၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်မှုနှင့် မှတ်တမ်းတင်ထားရှိမှု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်မှု၊ ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကိုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နှမ်းစပါး၊ မိုးစပါးစီမံကိန်း၊ ဆောင်းဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်း၊ မွေးမြူရေးစီမံကိန်း၊ စိုက်ပျိုးရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သက်ဆိုင်ရာဝန်ကြီးဌာနများမှ နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးနိုင်မှုအခြေအနေနှင့် လုပ်ငန်းလိုင်စင်ချပေးမှု အခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးပေးမှုအခြေအနေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ကြွေးကျန်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကော်မတီ အတွင်းရေးမှူးက (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထပ်မံထုတ်ချေးပေးရန် တင်ပြလာမှုကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့်အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## လပွတ္တာမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကောဏ္ဍည အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ရှိဆည်မြောင်းဧည့်ရိပ်သာခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ (၃)မိုင်ရပ်ကွက်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်လိုအပ်မှု၊ ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေးနှင့်ကတ်ပြားပျက်စီး၊ ပျောက်ဆုံးသူများအနေဖြင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးများသို့ ဆက်သွယ်လျှောက်ထားရယူရေး၊ နိုင်ငံသားကတ်ပြားရရှိကိုင်ဆောင်ထားသူများအနေဖြင့်လည်း Unique ID နံပါတ်ရရှိရေး ဆက်လက်ဆောင်ရွက်ရန်တို့ကို ရှင်းလင်းဆွေးနွေးပြောကြား၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအတွက် ဆိုလာမီးများ ပေးအပ်သည်။



ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လပွတ္တာခရိုင်ဦးစီးမှူးရုံး၌ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးစာရွက်စာတမ်းများထိန်းသိမ်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ လပွတ္တာမြို့နယ် ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်မှုအတွက် မိတ္တူဆောင်ရွက်ပေးပြီး Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှု၊ ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ရုံးများအတွက် ဆိုလာမီးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

**၁၁-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အရိပ်

**မစန္ဒာ**

**"ဆရာမက အတန်းမော်နီတာ ခင်ခင်လှကို ချီးကျူးသော အခါ အယ်မာထွေးသည် ရယ်ချင်လွန်းသဖြင့် နှုတ်ခမ်းကို ဖိကိုက်ကာ မျက်နှာကို ငုံ့ထားရသည်။ ခင်ခင်လှ၏လက်ထဲတွင် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးစာအုပ်ရှိသည်။ ကျက်မှတ်နေခြင်းတော့ မဟုတ်ပါ။ အယ်မာထွေးနှင့်အတူ စာအုပ်လှန်တမ်း ကစားနေခြင်းဖြစ်၏။ ထို့ကြောင့် ဆရာမက ချီးကျူးသောအခါ သူသည် မျက်နှာနီသွားပြီး မလုံမလဲဖြစ်သွားသည် . . ."**

**ယမန်နေ့မှအဆက်**

'ငါငယ်ငယ်တုန်းကဆိုရင် ပုံပြင်နားမထောင်ရရင် မအိပ်ဘူး၊ ညီလင်းဆိုရင် သာဆိုးသေး၊ ငါ့တုန်းက သိပြီးသားပုံပြင်ပေမယ့် နားထောင်သေးတယ်။ ညီလင်းက သူသိပြီးသားပုံပြင်ဆိုရင် အာပြဲကြီးနဲ့ အော်ရောတဲ့သိလား'

'အေးနော် ပုံပြင်နားထောင်ရင်းအိပ်ပျော်သွားရတာ သိပ်ဇိမ်ရှိတာပဲ'

သက်သက်သည် ဆီးပြားကို တမြုံ့မြုံ့စားနေသည်။ သူ့ကိုလှမ်းကြည့်သော စုလှိုင်ကိုတွေ့သောအခါ ပြုံးရယ်ရင်း ဆီးပြားလေးကို ခုံအောက်မှလက်လျှို၍ လှမ်းပေးသည်။ စုလှိုင်သည် ခေါင်းကို အသာခါယမ်းကာ ငြင်းလိုက်လေသည်။ ထိုသို့သော ဆီးထုပ်၊ ဆီးပြားများကို စုလှိုင် စားလေ့မရှိပေ။

'ကောင်းတယ် စုလှိုင်ရဲ့၊ ချိုချိုမွှေးမွှေးလေး စားကြည့်'

သက်သက်သည် သူ့ဆီးပြားကို ချီးမွမ်းခန်းဖွင့်ရင်း မျက်မှောင်ကုတ်သွားသည်။ ထို့နောက် ပါးစပ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်ကာ လက်ဝါးပေါ်တင်ကြည့်လိုက်သည်။ ပေရေနေသော တံမြက်စည်းရိုးလေးဖြစ်သည်။ ရုတ်ခြည်း ရှုံ့မဲ့သွားသော သက်သက်၏မျက်နှာကို ကြည့်ကာ အမာညိုက တဟားဟားနှင့် ထရယ်လေတော့သည်။

'ဆီးပြားထဲက ပါတာလား'

စုလှိုင်က ပြုံးစိစိနှင့်မေးလိုက်မိသည်။ သက်သက်က မသက်မသာနှင့် ခေါင်းညိတ်ပြသည်။ ထို့နောက် ပါးစပ်ကို ဟကာ အာမထိလျှာမထိနှင့် ရှုံ့ရှုံ့မဲ့မဲ့ ပြောသည်။

'ဒါကြောင့် ကောင်းတာထင်တယ်၊ တုတ်မို့လို့သိတာ၊ ခွေးချေးသာဆိုရင် သိမှာမဟုတ်ဘူး၊ ပျော့စိစိနဲ့ရောနေမှာ'

'အောင်မာ အခုဟာကရော ခွေးချေးထဲမှာပါလာတဲ့တုတ် ဖြစ်ချင်ဖြစ်မှာပေါ့၊ မဟုတ်ဘူးလားစုလှိုင်ရယ်'

'ထွီ'

သက်သက်သည် သူ့ပါးစပ်ထဲမှ ဆီးမှုန့်များကိုပါ ထွေးထုတ်လိုက်သည်။ ရှုံ့မဲ့နေသဖြင့် နဂိုကကျဉ်းသော မျက်စိပေါက်လေးများက ပို၍ကျဉ်းသွားသဖြင့် သူ့မျက်နှာလေးသည် ရယ်စရာကောင်းနေသည်။

'ဒါမှမဟုတ် အိမ်သာလှည်းတဲ့တံမြက်စည်းက အရိုးကျိုးလာတာလားမှမသိတာ'

အယ်မာထွေးကပါ နောက်လှည့်ကြည့်ရင်းဝင်ပြောသည်။ ထိုအခါ သက်သက်သည် ရေအိုးစင်ဆီသို့ ကမန်းကတန်းထပြေးလေတော့သည်။ တခွီးခွီးနှင့် ပလုတ်ကျင်းနေသော သက်သက်ကို လှည့်ကြည့်ရင်း တစ်တန်းလုံး အာရုံပျက်ပြားကုန်ကြတော့သည်။ တအုန်းအုန်းရယ်မောမိကြတော့သည်။ စုလှိုင်သည်လည်း အများနှင့်လိုက်၍ရယ်မောမိလေသည်။

'ဒါ ရွှံ့စရာလား မိသက်ရဲ့ မြတ်စွာဘုရားအလောင်းတော်တောင် မစင်နဲ့လိမ်းကျံတာခံခဲ့ရသေးတာပဲ၊ တေမိဇာတ်တော်ထဲမှာလေ၊ နင်ကလည်း ဇာတ်ကြီးဆယ်ဘွဲ့အကြောင်း ပြောနေရင်းများတောင် တရားသဘောကို နှလုံးမသွင်းတတ်ဘူး'

အမာညိုက ရယ်မောနေရင်းမှ မထိတထိ ထပ်စနေသေးသည်။ သက်သက်သည် ဘာမှပြန်မပြောတော့ဘဲ မျက်စောင်းသာ တအားပစ်ထိုးလိုက်သည်။ နဂါးသာဆိုလျှင် အမာညို ပြာကျလောက်ပေပြီ။ နဂါးဟုဆိုသောအခါ စုလှိုင်သည် အမာညိုတို့နှစ်ဦး ခုနတုန်းက ပြောနေသော ဘူရိဒတ်ဟူသော နဂါးမင်းအကြောင်း သတိရမိသည်။ ထိုနဂါးမင်းအကြောင်းကိုလည်း စုလှိုင်မသိပေ။ မာမီ၏လက်မောင်းပေါ်ခေါင်းအုံးပြီး မာမီ၏ ကိုယ်သင်းနံ့မွှေးမွှေးလေးကိုရှူရှိုက်ရင်း ဘူရိဒတ်ပုံပြင်ကို နားထောင်ရသော် မည်မျှကောင်းလေမည်နည်းဟုတွေးရင်း ရင်ထဲတွင် လှိုက်မောသွားလေသည်။

'ဟော့ တီချာဒေါ်ခင်အေးလာနေတယ် ရှူး'

အတန်းထိပ်တွင်ထိုင်သော သန်းသန်းခင်က အချိန်မီသတိပေးသည်။ မီးကို ရေဖြင့်ဖျန်းချလိုက်သလို တစ်တန်းလုံး ငြိမ်တိတ်သွားလေသည်။ မှတ်စုစာအုပ်လေးများကိုယ်စီနှင့် ကျက်ကြ၊ မှတ်ကြ၊ တွက်ချက်ကြနှင့် ချက်ချင်းအလုပ်ရှုပ်ကုန်ကြတော့သည်။ ထို့ကြောင့် ဆရာမ အခန်းထဲဝင်လာသောအခါတွင် ငြိမ်ဝပ်လျက်ရှိသော တပည့်လိမ္မာလေးများကို တွေ့ရလေသည်။

'တယ်ဟုတ်ပါလားဟေ့၊ ခင်ခင်လှက တစ်တန်းလုံးကို ငြိမ်နေအောင်ထိန်းထားတာပေါ့လေ၊ ကောင်းတယ် ကောင်းတယ်၊ စာဆက်ကျက်ကြ၊ ဟုတ်လား၊ စာမေးပွဲက တစ်လကျော်ကျော်ပဲလိုတော့တာ'

ဆရာမက အတန်းမော်နီတာ ခင်ခင်လှကို ချီးကျူးသောအခါ အယ်မာထွေးသည် ရယ်ချင်လွန်းသဖြင့် နှုတ်ခမ်းကိုဖိကိုက်ကာ မျက်နှာကို ငုံ့ထားရသည်။ ခင်ခင်လှ၏လက်ထဲတွင် သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးစာအုပ်ရှိသည်။ ကျက်မှတ်နေခြင်းတော့ မဟုတ်ပါ။ အယ်မာထွေးနှင့်အတူ စာအုပ်လှန်တမ်းကစားနေခြင်းဖြစ်၏။ ထို့ကြောင့် ဆရာမက ချီးကျူးသောအခါ သူသည် မျက်နှာနီသွားပြီး မလုံမလဲဖြစ်သွားသည်။ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

'အေး အေး၊ စာဆက်ကျက်နေကြနော်'

ဆရာမ ပြန်ထွက်သွားသောအခါမှ ခင်ခင်လှသည် သက်ပြင်းကြီး ဟင်းခနဲချလိုက်မိလေသည်။ ထို့နောက် ပါးစပ်ထဲတွင် ငုံထားသောသကြားလုံးကို ကမန်းကတန်း ဝါးစားလိုက်သည်။ ခုနတုန်းက တစ်ချိန်လုံး ရင်ထိတ်နေရသည်။ ဆရာမကသာ သူ့ကို တစ်ခုခုမေးလျှင် မည်ကဲ့သို့ပြန်ဖြေရမည်ပင်မသိ။ ပါးစပ်ဟလိုက်သည်နှင့်ငုံထားသောသကြားလုံးက ထွက်ကျတော့မည်ဖြစ်သည်။ ဆရာမလာပြီဆိုစဉ်က ခုံပေါ်တွင်လောင်းကြေးတင်ထားသော ဩဇာစေ့များကို ကမန်းကတန်းဖှက်နေရလေသည်။ ထို့ကြောင့် ပါးစပ်ထဲတွင်ရှိသော သကြားလုံးကို အချိန်မီထွေးထုတ်ရန် သတိမရဘဲဖြစ်ခဲ့ရသည်။ ဆရာမ သူ့ရှေ့လာရပ်သော အခါမှပင် သတိရတော့သည်။ ထွေးထုတ်၍လည်းမရ၊ မျိုချ၍လည်းမရနှင့်မို့ ဂေါ်လီလုံးခန့်ကြီးသော သကြားလုံးကြီးကို ပါးစောင်တွင်ငုံထားရင်း ရင်တထိတ်ထိတ်ခုန်နေခဲ့ရသည်။ အရေးထဲ ဆရာမက ချီးကျူးနေပြန်သောအခါ မျက်နှာကိုပင် ဘယ်လိုထားရမည် မသိတော့ချေ။ ထို့ကြောင့် ယခုမှ အငြိုးတကြီးနှင့်ဝါးစားပစ်မိတော့သည်။ ကြောင်သူတော်ကြွက်သူခိုး ခင်ခင်လှကိုကြည့်ရင်း တစ်တန်းလုံးကျိတ်ပြီးရယ်နေမိကြသည်။ အတန်းခေါင်းဆောင်ပင်ဖြစ်သော်လည်း မဟုတ်တာမှန်သမျှ အကုန်လုပ်သော ခင်ခင်လှကို တစ်တန်းလုံးက ချစ်ကြလေသည်။ သူကိုယ်တိုင်မုန့်ခိုးစားလေ့ရှိသဖြင့် တခြားသူများ မုန့်ခိုးစားသည်ကိုတွေ့သောအခါ မမြင်ချင်ဟန်ဆောင်တတ်သည်။ သူကိုယ်တိုင် စာခိုးချလေ့ရှိသဖြင့် တခြားသူများခိုးချသည်ကိုလည်း မျက်ကွယ်ပြုတတ်သူမို့ သူ့ကိုသာ အစဉ်အမြဲအတန်းခေါင်းဆောင်တင်ကြသည်။ ခင်ခင်လှသည် စာသိပ်မတော်သော်လည်း ရိုးသားပွင့်လင်းသဖြင့် ဆရာမများကလည်း ချစ်ကြပြန်သည်။ စုလှိုင်ကမူ ခင်ခင်လှကို သိပ်သဘောမကျချေ။ ဆရာမများရှေ့တွင် အမှတ်ယူပြီး ကွယ်ရာတွင် ထင်ရာလုပ်သောသူဟုသာ ထင်မြင်ယူဆမိသည်။ ထို့ကြောင့် အထင်လည်းမကြီး၊ ခင်လည်း သိပ်မခင်ချေ။ ခင်ခင်လှကိုသာမဟုတ်။ စုလှိုင် မည်သူ့ကိုမျှလည်း သိပ်မခင်ပေ။ အေးအေးသာနေတတ်သည်။

'မိသက်'

'ဘာလဲဟ'

'ကိုကိုကပြောတယ် သိလား'

'ဘာတဲ့လဲ၊ ဘာတဲ့လဲ'

သက်သက်က ပျာပျာသလဲဟန်နှင့် ပြောင်ချော်ချော်မေးသည်။ သို့သော် အမှန်တကယ် စိတ်ဝင်စားခြင်းဖြစ်ကြောင်းကို မျက်လုံးလေးများက ဖော်ပြနေကြသည်။

'ကြိုက်တယ်တဲ့'

'ဟင်၊ ရှက်စရာကြီး'

'ဟုတ်တယ်၊ လက်ဖက်သုပ် သိပ်ကြိုက်တာပဲတဲ့'

'အယ်၊ ခွေးမ'

သက်သက်သည် မျက်နှာလေးနီသွားပြီး အမာညို့ပေါင်ကို ရှက်ရှက်နှင့်လှမ်းဆိတ်လိုက်သည်။ အမာညိုက သက်သက်၏လက်ကို လှမ်း၍ဖမ်းကိုင်ထားရင်း ရယ်နေသည်။

'ယောက်မရယ်၊ နင်ကလည်း ငါ့ကိုချည်း အားကိုးနေလို့ဖြစ်မှာလား၊ ကိုယ့်ဟာကိုယ်လည်း အားထုတ်ဦးမှပေါ့'

'ဟုတ်တယ်၊ ကျွန်မက ရှင့်အစ်ကိုကိုရည်းစားစာရေးပေးရမှာလား၊ ကိုကျော်ထွန်းညိုရယ် ရှင့်ကိုလေ ကျွန်မချစ်လိုက်ရတာ ဆတ်ဆတ်ကိုတုန်နေတာပဲလို့ ရေးပေးလိုက်မယ်လေ ကဲ'

သက်သက်က အရွဲ့တိုက်ပြောသည်။ သူတို့နှစ်ဦးသည် တစ်လမ်းကျော်သာဝေး၍ အိမ်ချင်းနီးသည်။ ကျော်ထွန်းညိုနှင့် ကစားဖော်ကစားဖက်မဟုတ်သော်လည်း အပျိုဖော်မဝင်မီကတည်းက သိခဲ့ခင်ခဲ့ရသည်။ အမာညိုခေါ်သလိုပင် သူကလည်း 'ကိုကို' ဟု လိုက်ခေါ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ချောက်မြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

ချောက် ဒီဇင်ဘာ ၁၁

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများ လေ့လာဖတ်ရှုနိုင်စေရန်၊ စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ချောက်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ချောက်ခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းအစီအစဉ်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသူလေးဦးက စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင် ရေးသားသည့် တစ်ပြည်သူမရွှေထား ဝတ္ထုစာအုပ်၏ အနှစ်ချုပ်၊ ဇာတ်ကောင်စရိုက်များ၊ ဇာတ်လမ်းဇာတ်ကွက်များအပေါ် ဝေဖန်သုံးသပ်ခြင်း၊ စာအုပ်၏အားနည်းချက်၊ အားသာချက်များနှင့် စာအုပ်ဖတ်ရှုခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ယင်းနောက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတွင် ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာမူလတန်းအဆင့် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင်ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ချမ်းမြေ့

❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ များစွာရှိသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အဆိုပါ ပညာရှင်များကို အကျိုးရှိရှိအသုံးချနိုင်ရန်လို၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေ၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများ မှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်ဆောင်ရွက်နိုင်မည်ဖြစ် . . .**

❖ **မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ် . . .**

❖ **မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့် မဆုံးရှုံးစေရေးဆောင်ရွက်ပေးရမည်ဖြစ်၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်၍ ရွေးကောက်ပွဲကျင်းပမည့်နေရာများအားလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို . . .**

⊃ ကျောဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများ၏ ရေသိုလှောင်နိုင်မှု၊ ဆိုလာရေတင်စနစ်များ၊ လျှပ်စစ်ရေတင်စနစ်များဖြင့် ရေတင်သိုလှောင်ဆောင်ရွက်လျက်ရှိမှု၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ပေးထားရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲရုံများစနစ်တကျဖြစ်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး၏ အခွင့်အရေးများ မဆုံးရှုံးရစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးပါတီများ အလိုက်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအကြို လှုပ်ရှားမှုများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာစိုးဝင်းတို့က ပြန်လည် ရှင်းလင်းပြောကြားရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများသာမက အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်မှု၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင် ကလေးငယ်များအား ကာကွယ်ဆေးထိုးလုပ်ငန်းများသည် အရေးကြီးလုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးလျက်ရှိမှု၊ သက်ကြီးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအတွက် ထောက်ပံ့ခြင်းများဆောင်ရွက်ပေးလျက်ရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျော့ချရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် တိုင်းပြည်ဖြစ်စေရေးဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**မိမိတို့တိုင်းဒေသကြီး၏ အခြေခံအချက်အလက်များကို မှန်ကန်စွာသိရှိအောင် ဆောင်ရွက်ပြီး အကျိုးရှိရှိ အသုံးချသွားရန်လို**

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက လာမည့် ၂၈ ရက်နေ့တွင် မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ မတ်လကုန်တွင် အစိုးရအဖွဲ့အပြောင်းအလဲများလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ကြောင်း၊ ကောက်ခံရရှိသည့်အချက်အလက်များသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့်မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည်တို့နှင့် မိမိတို့မြန်မာနိုင်ငံ၏အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်သဖြင့် မူဝါဒ၊ စီမံကိန်းများရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံးအနေဖြင့် အကျိုးရှိရှိအသုံးချသွားကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကို အလေးထား၍ မိမိတို့တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသွားကြရန်လိုကြောင်း။

**ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်**

ကောက်ယူရရှိသည့်ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးတွင် ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တန်းစဉ်ကူးပြောင်းမှုများ အားနည်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများ ယခုထက်ပိုမိုမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍအားနည်းပါက ကျန်ရှိသည့် ကဏ္ဍများတွင်လည်း အားနည်းလာမည်ဖြစ်ကြောင်း၊ အနာဂတ်တွင်ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **“အမျိုးသား စည်းကမ်း အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝ မနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့် စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိဘဝကို တိုးတက်စေနိုင်မည့် အပြုအမူ၊ အနေအထိုင် အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပြီး မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် အကျိုးမဖြစ်စေသည့် ဆေးလိပ်၊ အရက်၊ ကွမ်း တို့သုံးစွဲခြင်းများကို ရှောင်ကြဉ်ရန် အသိတရားများကိုလည်း ရရှိသွားစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထား အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း၊ မကြာမီရောက်ရှိတော့မည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများဖြေဆိုတော့မည်ဖြစ်ပြီး ရာနှုန်းပြည့်ဖြေဆိုနိုင်ရေးနှင့် နောင်နှစ် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးအတွက်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပေါ်နေပြည်သူများအတွက် လိုအပ်သည့်အသား၊ ငါးနှင့်ဥများကို လုံလောက်စွာ ထုတ်လုပ်ရောင်းချပေးနိုင်မှသာ ထိုက်သင့်သည့်စားသောက်ကုန်ဈေးနှုန်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုများ မျှတမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိုက်သင့်သလောက်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချသွားရန်လိုကြောင်း၊ ဒေသတွင်း စားသောက်မှု ဖူလုံရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လူတန်းစားမရွေး စားနိုင်၊ သောက်နိုင်ရေး စားရေရိက္ခာ ဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခင်အစိုးရများအဆက်ဆက်တွင် ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး လိုအပ်သည့်နိုင်ငံခြားငွေများကို Non – Trade မှရရှိသည့်ငွေများ၊ ထောက်ပံ့ငွေများဖြင့် သုံးစွဲခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုများအားနည်းခြင်းကြောင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုပိုငွေများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ဝင်ငွေများရရှိသင့်သလောက် မရရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ များစွာရှိသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အဆိုပါ ပညာရှင်များကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ ကိန်းဂဏန်း အချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများ မှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယား

**စာမျက်နှာ ၆ သို့ ⊃**

⊃ စာမျက်နှာ ၅ မှအဆက်

ကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့် စာရင်းဇယားများ ရရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသတွင်း လည်ပတ်ရင်းနှီးငွေများ များပြားလာခြင်းမှတစ်ဆင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုကဏ္ဍများတိုးတက်ခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာကဏ္ဍကိုအခြေခံပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း။

### ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေဆဲဖြစ်ကြောင်း၊ မိမိတို့အစိုးရစတင်တာဝန်ယူဆောင်ရွက်ခဲ့ချိန်တွင် ကိုဗစ် -၁၉ ကပ်ရောဂါဖြစ်ပေါ်လျက်ရှိသည့်အချိန်ဖြစ်ပြီး လုပ်ငန်းခွင်စွန့်ခွာသွားကြသည့် ကျန်းမာရေးဝန်ထမ်းများကြောင့် အခက်အခဲများစွာဖြင့် ဖြတ်ကျော်ခဲ့ကြရကြောင်း၊ ယခုအခါဆေးတက္ကသိုလ်များမှကျောင်းဆင်းသည့် ဆရာဝန်များအား ပြည်သူ့ဆေးရုံများ၌ သက်တမ်းတစ်ခုအထိ တာဝန်ထမ်းဆောင်ရန်မူဝါဒချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ အကျိုးခံစားခွင့်များကိုလည်း ထိုက်သင့်သလောက် တိုးမြှင့်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခုဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ ရာနှုန်းပြည့် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံအတွက် ဆိုးရွားသည့်ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုများကြောင့် တာဝန်ယူခဲ့သည့် အစိုးရဖြစ်သဖြင့် မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် မဲစာရင်းမှားယွင်းမှုမရှိရန်လိုကြောင်း၊ ရာနှုန်းပြည့်မှန်ကန်နိုင်မည်မဟုတ်သော်လည်း အတတ်နိုင်ဆုံးမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးသည်နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်၍ ရွေးကောက်ပွဲကျင်းပမည့်နေရာများအားလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မဲမသမာမှုများ ပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များဖြင့် မဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ကိုခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့်အစိုးရအား နိုင်ငံတော်၏တာဝန်များကိုလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံစနစ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့်လည်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။


(၁၀၀)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ်(၃၀)ပြည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အက်ရှ်ဂါဘတ်မြို့ရှိ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် တာ့ခ်မင်နစ္စတန်နိုင်ငံ၊ အက်ရှ်ဂါဘတ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တာ့ခ်မင်နစ္စတန်နိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အက်ရှ်ဂါဘတ်မြို့ရှိ Monument of Neutrality ၌ကျင်းပသည့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ်(၃၀) ပြည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်ခေါင်းဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ဂုဏ်ပြုပါဝင်တက်ရောက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ H.E. Mr. Serdar Berdimuhamedov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

အခမ်းအနားတွင် တာ့ခ်မင်နစ္စတန် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလံတင်အခမ်းအနားကို ဆောင်ရွက်ကြကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြပြီး အခမ်းအနားအစီအစဉ်များအလိုက် ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာ့ခ်မင်နစ္စတန် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ကျင်းပသည့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ်(၃၀)ပြည့်အထိမ်းအမှတ်ပြပွဲသို့တက်ရောက်၍ တာ့ခ်မင်နစ္စတန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြခန်းများ၊ ရိုးရာလက်မှုပညာပစ္စည်းများ၊ ဒစ်ဂျစ်တယ်စနစ်နှင့် AI နည်းပညာသုံးပြခန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းပြခန်းများနှင့် အက်ရှ်ဂါဘတ် မြင်းမျိုးများ၊ ဒေသရှိ သိုး၊ ဆိတ်၊ နွားမျိုးစိတ်များထားရှိရာ နေရာနှင့် တာ့ခ်မင်နစ္စတန် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ H.E. Mr. Serdar Berdimuhamedov နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆော်ဒီအာရေဗျသံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အဗ္ဗဒူလာ အယ်လ်စုဘိုင်အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ဆော်ဒီအာရေဗျသံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အဗ္ဗဒူလာ အယ်လ် စုဘိုင် အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးအပေါ် သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြားရှိ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ မြဝတီ

# မြစ်ကြီးနားမြို့၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၁

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ခါတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဖျာပုံမြို့နယ်သို့ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဖျာပုံမြို့နယ်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဖျာပုံမြို့နယ်ရှိ ရွှေစင်လမင်းဆီဆိုင်ဝင်းအတွင်း၌အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၉၄ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၈၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၁ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၃၆၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။





အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုကဲ့သို့ကြားသိရပါသည် -

"ကျွန်မကဆရာမဒေါ်စန်းပါ။ အထက-၁ ဖျာပုံကနေ အငြိမ်းစားယူထားတဲ့ဆရာမပါ။ ကျွန်မအရိုးအကြောလာပြတာပါ၊ အရိုးအကြောကတော့ ဖြစ်တာပင်စင်ယူပြီးကတည်းက ၁၀ နှစ်လောက်ရှိပြီ။ သဘော်ကြီးလာတယ်ဆိုတော့ ဝမ်းသာအားရနဲ့ လာပြတာပါ။ ဒီလက်က ဆေးထိုးမယ်ပြောတော့ ကြောက်ပြီးတော့မထိုးတာ၊ အပြင်ဆေးခန်းတွေမှာပြတာ၊ အခုဆရာကြီးက ဆေးလည်းထိုးပေးလိုက်တယ်။ အခုဒီကိုရောက်တယ်ကြားတော့ အရမ်းဝမ်းသာပါတယ်၊ အဲဒီတော့နောက်တစ်ခေါက်လာတဲ့အခါကျရင်လည်း ကြိုဆိုပါတယ်။ ကျန်တဲ့သူတွေကိုလည်း ကျွန်မလက်ဆင့်ကမ်းပြီးတော့ ပြောပြပါဦးမယ်။ တာဝန်ရှိတဲ့သူတွေအားလုံးနဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ နယ်လှည့်ဆေးကုသရေးအဖွဲ့အားလုံးကိုလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ကျေးဇူးတင်ပါတယ်။ ဒီမှာဝိုင်းဝန်းပြီးတော့ ကူညီလုပ်ဆောင်ပေးတဲ့ နယ်ခံပြည်သူလူထုနဲ့ ဝန်ထမ်းအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

"ကျွန်မက ဒေါ်ရီပါ။ အသက် ၆၆ နှစ်ရှိပါပြီ။ ဒီအဖွဲ့ကို မျှော်နေတာလည်းကြာပါပြီ။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့လာတိုင်း ကျွန်မလာပြပါတယ်။ ဒီတစ်ခေါက်ကတော့ ကျွန်မကျောက်ကပ်ထဲမှာ ကျောက်တည်တယ်ဆိုလို့လာပြတာ တော်တော်လေးသက်သာသွားပါတယ်။ ဆရာကြီးတွေ၊ ဆရာမကြီးတွေကလည်း အကုန်လုံးကို နွေးနွေးထွေးထွေးနဲ့ လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။ တစ်လသောက်ရမယ့်ဆေး၊ နှစ်လသောက်ရမယ့်ဆေး ဒီဆေးလေးနဲ့အဆင်ပြေသွားလို့ရှိရင် နောက်ထပ်မခွဲရတော့ဘူးဆိုတော့ ကျွန်မတော်တော်လေးလည်း ဝမ်းသာပါတယ်။ ဆေးကုသရေးအဖွဲ့မှာပါတဲ့ဝန်ထမ်းတွေအားလုံး ကျန်းမာချမ်းသာကြပါစေ။ အန္တရာယ်ကင်းဘေးရှင်းပြီးတော့ လိုရာဆန္ဒတွေပြည့်ကြပါစေ။ ဖျာပုံမြို့သူ/မြို့သားတွေကလည်း လှိုက်လှိုက်လှဲလှဲဝမ်းပန်းတသာနဲ့ ကြိုဆိုနေပါတယ်" ဟု ပြောသည်။

(၁၀၀)

# ကော့မှူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေးဟောပြောပွဲ ဂိမ်းပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတရရှိစေရေးအတွက် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အသိပညာပေးဟောပြောပွဲ၊ ဂိမ်းပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းလွန်ကျောင်း (လက်ခိုက်)မှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကိုအကျိုးရှိစွာအသုံးပြုကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ပြင်ပဗဟုသုတတိုးပွားစေရေးအတွက် ပြင်ပစာပေများကို လေ့လာဖတ်ရှုကြရန် ဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဂိမ်းပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ ကျော်သူရ(ကော့မှူး)

## MWD Education, Knowledge & Sports Channel

၁၂-၁၂-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၃၅ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ – ၁၆:၀၀ | Grade – 9 | သင်္ချာ(၁)၊ သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၆:၀၀ – ၁၇:၁၀ | Grade – 9 | သမိုင်း၊ သိပ္ပံ |

## MWD Variety Channel

၁၂-၁၂-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၁:၄၅ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၅:၅၀ | ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ |
| ၄။ | ၁၆:၂၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |
| ၅။ | ၁၇:၃၅ | Countries of the World |

❒ ကျောဖုံးမှအဆက်

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး (Anti-Money Laundering -AML)၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(Countering the Financing of Terrorism-CFT) လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Countering the Proliferation of Financing of Weapon of Mass Destruction-CPF)လုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းမှာ စက်မှုထိပ်သီး ၇ နိုင်ငံအပါအဝင် နိုင်ငံနှင့်အဖွဲ့အစည်းပေါင်း ၄၀ တို့မှ ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF)ဖြစ်ပါသည်။

၃။ FATF နှင့် FATF ကဲ့သို့ ပုံစံတူဖွဲ့စည်းထားသည့်ဒေသတွင်းအဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများသည် FATF မှထုတ်ပြန်ထားသည့် Methodology ပါစံနှုန်းသတ်မှတ်ချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါသည်။ လိုက်နာဆောင်ရွက်နေမှုများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း(Mutual Evaluation-ME)လုပ်ငန်းစဉ်ဆောင်ရွက်ပြီး FATF ၏အကြံပြုချက် ၄၀ ပါစံနှုန်းသတ်မှတ်ချက်ဖြင့် အကဲဖြတ်ခြင်းများဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံ၏အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက် အစီရင်ခံစာပါ အကြံပြုချက် ၄၀ အနက် ၂၀၂၅ ခုနှစ်အထိ ၂၆ ချက်သည် စံနှုန်းသတ်မှတ်ချက်တိုးမြှင့်ကောင်းမွန်ရရှိခဲ့ပါသည်။ အခြားဒေသတွင်းနိုင်ငံများထက် စံနှုန်းသတ်မှတ်ချက် ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် FATF မှ ထုတ်ပြန်ထားသည့် Methodology ပါ စံနှုန်းသတ်မှတ်ချက်များအား လိုက်နာ၍ AML/CFT/CPF ဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့်အစီအမံ (Action Plan) များအား ကိုဗစ် ၁၉ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားဆက်စပ်အခြေအနေများကြောင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် အလေးထားစိစစ်မှုများ ပြုလုပ်ရန်နှင့် တိုးမြှင့်အရေးယူဆောင်ရွက်မှုမပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများ(enhanced due diligence(EDD)-and not countermeasures) စာရင်းသို့ ပြောင်းလဲထည့်သွင်းခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံသည် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့ကဲ့သို့ Counter-measure (Black List) စာရင်းတွင် ပါဝင်ခြင်းမဟုတ်ဘဲ EDD ကို ပိုမိုဆောင်ရွက်ရန်သာ စာရင်းတွင်ထည့်သွင်းခံခဲ့ရပါသည်။

၅။ ထို့နောက် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့်အစီအမံ (Action Plan) များအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) သို့ (၄)လတစ်ကြိမ် တိုးတက်မှုအစီရင်ခံစာများ ရေးသားပေးပို့တင်ပြခြင်း၊ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် FATF မျက်နှာစုံညီအစည်းအဝေးများ တက်ရောက်ခြင်းတို့အား စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါသည်။

၆။ ယင်းကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (ML/TF Risk) များကို နားလည်ပြီး ဖော်ထုတ်နိုင်ခဲ့ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ခြင်း၊ ယုံမှတ်အပ်နှံမှုဥပဒေအား ပြင်ဆင်ခြင်း၊ သက်သေခံပစ္စည်းများစီမံရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့အပါအဝင် သိသာထင်ရှားသော တိုးတက်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် FATF မှ အသိအမှတ်ပြု၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေးအပြီး ထုတ်ပြန်ချက် (Statement) တွင် မြန်မာနိုင်ငံသည် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုချက် ယခင် (၈)ချက်ရှိရာမှ (၄)ချက်သာ ကျန်ရှိခဲ့ပြီး အလေးထားစိစစ်မှုများတိုးမြှင့်ဆောင်ရွက်ရန် (Enhanced Due Diligence) စာရင်းတွင်သာ ဆက်လက်ထားရှိခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် အချက်(၄)ချက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက Timeline များချမှတ်ပြီး အထူးအလေးထားဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း၍ အားသွန်ခွန်စိုက် ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါသည်။

၇။ Basel Institute on Governance ကထုတ်ပြန်သည့် Basel AML Index 2025 အရ နိုင်ငံနှင့် ဒေသပေါင်း ၁၇၇ နိုင်ငံအနက် လာအိုအား အမှတ်စဉ် ၇ တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအား အမှတ်စဉ် ၁၉ တွင်လည်းကောင်း၊ နီပေါနိုင်ငံအား အမှတ်စဉ် ၄၉ တွင်လည်းကောင်း ဖော်ပြထားသော်လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် အီရန်နိုင်ငံတို့ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအပြင် FATF ကဲ့သို့ ခိုင်မာသည့် နိုင်ငံတကာလိုက်နာဆောင်ရွက်ရန် လိုအပ်သောစံနှုန်းသတ်မှတ်ချက်များနှင့် Methodology များချမှတ်ပြီး အကဲဖြတ်ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၈။ သို့ပါ၍ Basel Institute on Governance က Basel AML Index 2025 ထုတ်ပြန်ချက်သည် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် ဒေသများအားလုံးပေါ် လွှမ်းခြုံခြင်းမရှိသည့်အပြင် နိုင်ငံနှင့် ဒေသများအားလုံးပါဝင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိရကြောင်းနှင့် FATF, APG တို့ကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို ရှေ့တန်းမှ စံနှုန်းချမှတ်လေ့လာသုံးသပ်နေသည့် အဖွဲ့အစည်းများ၏ အကဲဖြတ်ချက်များကို အခြေမခံဘဲ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံ၏တိုးတက်ဆောင်ရွက်မှုများကို မျက်ကွယ်ပြု၍ FATF နှင့် မြန်မာနိုင်ငံအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်နေမှုများကိုသေချာစွာသုံးသပ်ခြင်းမရှိဘဲ ထိခိုက်အောင်ရေးသားထုတ်ပြန်နေမှုကို ကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို**
**ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့**
၁၁-၁၂-၂၀၂၅

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
  မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ချောင်းဦးမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ချောင်းဦး ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲကေ ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ချောင်းဦးမြို့နယ်၌ ကုလားပဲ ကေ ၂၈၆၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍စိုက်ပျိုးရာ ယနေ့အထိ ၁၉၀၆ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများ စသည်တို့ကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)



## ပဲခူးမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

ပဲခူး ဒီဇင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဒီဇင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကွင်းဆင်းကြည့်ရှုဆောင်ရွက်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ် အုတ်ဖိုကျေးရွာအုပ်စု ကျုံးရိုးကျေးရွာ၌ ပဲခူးမြစ်ကမ်းပြိုကျနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြစ်ကွေ့များပြားသည့်နေရာဖြစ်၍ ရေလမ်းကြောင်းဖြတ်ဖောက်ခြင်းလုပ်ငန်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဈေးညောင်ပင်ကျေးရွာ-အောက်စည်တီးအရှေ့ရွာ-အထက်စည်တီးအရှေ့ရွာအထိ တာပေါင်အတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာပေါင်လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲတင်ပြရန်နှင့် တာဘေးရှိချုံနွယ်များအား ဖယ်ရှားရှင်းလင်းသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အထက်စည်တီးအရှေ့ရွာ၌ ပဲခူးမြစ်ကမ်းထိန်းနံရံသည် ယခင်နှစ်က မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခြင်းနှင့်ရေကြီးရေလျှံမှုတို့ကြောင့် အနည်းငယ်ထိခိုက်ပျက်စီးမှုအပေါ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မိုးရာသီမရောက်မီ အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အထက်စည်တီးအရှေ့ရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ မိုးလေလုံခြုံစွာ ပညာသင်ကြားနိုင်ရန် ယာယီစာသင်ဆောင် တစ်ခု အမြန်ဆုံးတည်ဆောက်ပေးနိုင်ရေး တာဝန်ရှိသူများအားမှာကြားကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

ဥဿာတိုင်းသား

## မဲရုံသွားလို့ မဲပေးစို့

❖ ပြည်ကျိုးကိုမျှော်၊ ပြည့်လူတော်ကို
ရွေးနော်မှုချ၊ ကိုယ့်ဆန္ဒဖြင့်
ဒေသပြည်ရွာ၊ ကောင်းကျိုးဖြာစေ
လာလေတို့များ
မဲရုံသွားလို့ မဲပေးစို့။

❖ ရွေးချယ်ခံထား၊ ကိုယ်စားလှယ်များကို
စံထားကြည့်ရှု၊ သတိပြု၍
ပြည်သူ့အတွက်၊ ခံယူချက်တွေ
လေးနက်မှန်ကန်၊ နေရာမှန်စေ
ဆက်ခံဂုဏ်တင့်
ရှိစေသင့်စွ ရွေးချယ်ကြ။

❖ ဒေသအရေး၊ ဆောင်ရွက်ပေးသူ
တွေးဆပြည့်ကျိုး၊ သယ်ပိုးနိုင်သူ
စိတ်ဖြူစင်ဖွေး၊ ဆောင်ရွက်ပေးသူ
ထိုထိုလူကို၊ ပြည်သူတို့ရွေး
မဲကိုပေးကြ ရွေးချယ်ကြ။

❖ ဒီမိုကရေစီ၊ ပန်းတိုင်ဆီသို့
တူညီလက်တွဲ၊ အားသွန်ခဲလို့
ဆင်နွှဲကြစို့ မဲပေးစို့။

❖ မျိုးချစ်စိတ်သန်၊ အခြေခံ၍
နိုင်ငံကောင်းကျိုး၊ သယ်ပိုးလိုသူ
ပြည်သူတို့ရွေး
ဆန္ဒမဲလေး ပေးကြစို့။

❖ ရွေးကောက်ပွဲကြီး၊ ရှေ့ဆက်နီးလာ
ခရီးတူတကွ၊ မဲဆန္ဒကို
တွေးဆပြတ်သား၊ တို့စွမ်းအားဖြင့်
လေးစားအရေးထား၊ တွေးမမှားဘဲ
ရွေးထားကြဖို့ မဲပေးစို့။
မဲရုံသွားလို့ မဲပေးစို့။ ။

**ချမ်းမြဆောင်း(ကလော)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၁၂-၂၀၂၅(သောကြာနေ့)

- ၁။ ၀၆:၀၀ တရားတော်
- ၂။ ၀၈:၀၀ စိုက်ပျိုးသုတ
- ၃။ ၁၀:၀၀ သီချင်းလက်ဆောင်
- ၄။ ၁၁:၀၀ မြန်မာ့လက်သံ
- ၅။ ၁၂:၀၀ မြန်မာ့ရှုခင်း
- ၆။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
- ၇။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
- ၈။ ၁၅:၀၀ ဇာတ်လမ်းတို
- ၉။ ၁၇:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင်
- ၁၀။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
- ၁၁။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
- ၁၂။ ၁၈:၃၀ **CGTN Nature အပိုင်း(၃၈)**
- ၁၃။ ၁၉:၀၀ **၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

# စွမ်းအင်စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

မဲခေါင်-လန်ချန်းပူးပေါင်းအစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်လျက်ရှိသည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေး ရှေ့ပြေးစီမံကိန်းအောက်၌ပြုလုပ်သည့် စွမ်းအင်စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် ဒေါက်တာကျန်းကျိုဟုန် (Dr. Zheng Zhihong)၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ သင်တန်းသားများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်သည်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်နေရာမှပါဝင်နေပြီး စွမ်းအင်အဖြစ်အသုံးပြုနေသည့် ရုပ်ကြွင်းလောင်စာအရင်းအမြစ်များသည်လည်း အကန့်အသတ်ဖြင့် တည်ရှိကြောင်း၊ ရုပ်ကြွင်းလောင်စာများကို အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် ရေရှည်တည်တံ့သည့် အနာဂတ်ဖြစ်စေရေးအတွက် စွမ်းအင်သုံးစွဲရာတွင် စနစ်တကျစီမံခန့်ခွဲ၍ ထိရောက်စွာအသုံးပြုပြီး မလိုလားအပ်သည့် လေလွင့်ဆုံးရှုံးမှုများမဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် ပိုမိုသန့်ရှင်းပြီး ရေရှည်တည်တံ့သည့် ပြန်ပြည့်မြဲစွမ်းအင်များ၊ ဇီဝလောင်စာနှင့် ဟိုက်ဒရိုဂျင်ကဲ့သို့ အစားထိုးလောင်စာများပြောင်းလဲသုံးစွဲမှုကို အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် ဒေါက်တာကျန်းကျိုဟုန်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားများပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ ဖွင့်ပွဲအခမ်းအနားအား ရုပ်သိမ်းသည်။

အဆိုပါသင်တန်း၌ တရုတ်နိုင်ငံ ရေခဲသေတ္တာနှင့် လေအေးစက်ထုတ်လုပ်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်များမှ ဘွိုင်လာနှင့် ရေနွေးငွေ့သုံးစနစ်အား ထိန်းညှိခြင်း၊ အအေးခံမှုကွင်းဆက်အတွက် အစိမ်းရောင်အအေးခဲအစားထိုးစနစ်၊ လေအေးပေးစက်စနစ်တွင် စွမ်းအင်စီမံခန့်ခွဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အား အကဲဖြတ်ခြင်း စသည့် အကြောင်းအရာများကို နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ နေပြည်တော်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ သင်တန်းသား ၆၀ ဦးတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကုန်စည်များဆိုင်ရာဘုံရန်ပုံငွေအဖွဲ့၏ (၃၇)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီဆိုင်ရာအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၁၁

CFC ၏ Managing Director Dr. Sheikh Mohammed Belal ၏ ဖိတ်ကြားချက်အရ CFC ဆိုင်ရာ မြန်မာနိုင်ငံ၏ Governor ဖြစ်သူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ ဒီဇင်ဘာလ ၁၀ ရက်က Hybrid စနစ်ဖြင့်ကျင်းပသော ကုန်စည်များဆိုင်ရာဘုံရန်ပုံငွေအဖွဲ့ (Common Fund for Commodities-CFC)၏ (၃၇)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးသို့ အွန်လိုင်းဖြင့် တက်ရောက်၍ မြန်မာနိုင်ငံကိုယ်စားပြု National Statement ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက National Statement ပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၁၉၉၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ CFC မှထောက်ပံ့ပေးသည့်ချေးငွေဖြင့် ရော်ဘာ၊ နို့ထွက်ပစ္စည်းနှင့်အသား၊ ဟင်းသီးဟင်းရွက်၊ ဝါး၊ ငါးလုပ်ငန်းနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးစီမံကိန်းများအား အခြားအာရှပစိဖိတ်နိုင်ငံ ၁၁ နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး အကျိုးကျေးဇူးများစွာရရှိခဲ့သည့်အတွက် CFC ကိုကျေးဇူးတင်ရှိကြောင်း၊ အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း၊ SMEs လုပ်ငန်းများ၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုလုပ်ငန်းများ၊ ရာသီဥတုဒဏ်ခံနိုင်သောစိုက်ပျိုးရေးနှင့် ဈေးကွက်ဝင်ရောက်ခွင့် အစရှိသည့် ကဏ္ဍစုံတို့တွင် CFC နှင့်ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားရန်မျှော်လင့်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်မီပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ၊ ရာသီဥတုဒဏ်ခံနိုင်သော နည်းပညာများ၊ ကာဗွန်နည်းပါးသောစိုက်ပျိုးရေး၊ ဒစ်ဂျစ်တယ်သတင်းအချက်အလက်စနစ်များနှင့် အန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိကြောင်း၊ CFC က နှစ်စဉ်ထောက်ပံ့ပေးနေသည့်စီမံကိန်းများကိုလည်း မိမိတို့အနေဖြင့် ရယူလိုကြောင်းနှင့် CFC ၏ ၂၀၂၅-၂၀၃၅ မဟာဗျူဟာမူဘောင်ကို ထောက်ခံကြောင်း ပြောကြားသည်။

(၃၇)ကြိမ်မြောက် အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံ ၁၀၁ နိုင်ငံ၏ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ မူဝါဒချမှတ်သူများ၊ ဖွံ့ဖြိုးရေးကျွမ်းကျင်ပညာရှင်များ၊ သုတေသီများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် လေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်များက Hybrid စနစ်ဖြင့် တက်ရောက်ခဲ့ကြပြီး နိုင်ငံပေါင်း ၃၆ နိုင်ငံ၏ Governor များက National Statement ပြောကြားခဲ့ကြောင်းနှင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်သံရုံး၏ သံမှူးကြီး ဦးသန့်စင်ဦး ဦးဆောင်သောအဖွဲ့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ကျင်းပသော "လူတိုင်းအကျုံးဝင်ပညာရေး၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများဆိုင်ရာ" အဆင့်မြင့်အရာရှိကြီးများ နိုင်ငံတကာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၃ ရက်အထိ ယူနက်စကိုအဖွဲ့ကကြီးမှူးကျင်းပသည့် "လူတိုင်းအကျုံးဝင်ပညာရေး၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများဆိုင်ရာ" အဆင့်မြင့်အရာရှိကြီးများ နိုင်ငံတကာညီလာခံသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




အဆိုပါညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Miklukho-Maklaya St.,6. (RUDN University main building)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် RUDN University ၏ President ဖြစ်သူ Filippov Vladimir Milhailovich က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် Plenary session အား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက "Building and Inclusive Education System: Myanmar's Efforts" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့်လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အမျိုးသားပညာရေးဥပဒေများတွင် အခမဲ့အခြေခံပညာသင်ကြားပေးခြင်း၊ ခွဲခြားမှုမရှိဘဲပညာသင်ကြားပေးခြင်း စသည့် အချက်များ ပြဋ္ဌာန်းထားရှိကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP-2021-2030)တွင်လည်း ဝေးလံခေါင်ဖျားဒေသရှိသူများအပါအဝင် တိုင်းရင်းသားလူမျိုးများ၊ မသန်စွမ်းသူများအားလုံးပညာသင်ကြားခွင့်ရရှိရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျောင်းပြင်ပပညာရေး ဆောင်ရွက်မှုများ၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး(ECCD)အတွက် ဆောင်ရွက်မှုများ၊ သက်မွေးပညာသင်ကြားပေးခြင်းဆိုင်ရာဆောင်ရွက်မှုများ စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိခင်ဘာသာစကားအခြေပြုပညာရေးစနစ်ကို ဖော်ဆောင်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများကို လူတိုင်းပါဝင်လာနိုင်မည့်ပညာရေးစနစ် ပေါ်ထွန်းလာစေရန် သင်ကြားမှုနည်းစနစ်များကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ အနာဂတ်ကာလတွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ Plenary session တွင် ဟန်ဂေရီ၊ ဇင်ဘာဘွေ၊ ကမ္ဘောဒီးယား၊ အီရန်၊ ကာဇက်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံတို့၏ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် Development meeting of International Cooperation to Ensure Access to Quality Education ခေါင်းစဉ်ဖြင့် Closed meeting ကျင်းပရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ UNESCO အမျိုးသားကော်မရှင်များမှ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များ၊ ကျောင်းများနှင့် နိုင်ငံတကာ MoU, MoA များ၊ AUN-AUA ကဲ့သို့သော အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ AUN-QA Accreditation နှင့်ပတ်သက်သည့် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ UNESCO အမျိုးသားကော်မရှင်၏ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅)ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၁

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာ ခန်းမ၌ကျင်းပရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများတွင် အမြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းအထိ ပျံ့နှံ့ရောက်ရှိမလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန်အတွက်အဓိက Focal ဆောင်ရွက်မည့်ကြီးကြပ်ရေးအဖွဲ့ လိုအပ်သဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကော်မတီ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကော်မတီများကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း National Anti-Scam Centre တည်ထောင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဇူလိုင်လ ၃၀ ရက်မှ စတင်၍ အာဏာတည်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ပြည့်စုံသောအဖွဲ့အစည်းတစ်ရပ်အဖြစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အဆင်သင့်ရှိပြီဖြစ်ကြောင်း။

ဗဟိုကော်မတီ၏အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်အဆင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်း၊ လိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလူအင်အား၊ နည်းပညာနှင့်ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှုကွန်ရက်များ၏သတင်းအချက်အလက်များကို စုဆောင်း၊ စိစစ်၊ လေ့လာဆန်းစစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊ လိမ်လည်မှုကျူးလွန်သူများ၊ Scam Centre များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဦးဆောင်လုပ်ကိုင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် INTERPOL၊ ASEANAPOL စသည်တို့နှင့် ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်လိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊ လိမ်လည်မှုမှရရှိသောငွေကြေးများနှင့် ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ အသိပညာပေးခြင်း၊ လိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကိုလက်ခံ၍ သက်ဆိုင်ရာဌာနများမှ တစ်ဆင့်အကူအညီများပေးနိုင်ရန်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မိုဘိုင်းအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်း၍ လိမ်လည်ရန် အသုံးပြုသော တယ်လီဖုန်းနံပါတ်များ၊ ဝက်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊ Scam Centre များတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသောနိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာပြန်လည်ပို့ဆောင်နိုင်ရေးအတွက်နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများ ကျူးလွန်သည့်လိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဦးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသူများအပါအဝင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာများအားဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်အထိ နိုင်ငံခြားသား ၇၀၀၁၆ ဦးကို စိစစ်တွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ကရင်ပြည်နယ်အတွင်း ကူညီကယ်တင်နိုင်ခဲ့သည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်ဝင်ရောက်၍ ဘန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် သွားရောက်ခြင်း၊ မဲဆောက်မြို့မှ တစ်ဆင့် သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကူး၍ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့သွားရောက်ခြင်း၊ တရားဝင်ဗီဇာဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိကုမ္ပဏီများသို့သွားရောက်ခြင်းတို့ဖြစ်သည်ကို သိရှိရကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မဲဆောက်ဘက်မှ ကူးလာသူ ၉၉ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ပြည်တွင်းလမ်းကြောင်းမှသွားရောက်သူသည ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သက်ဆိုင်ရာသံရုံးများအနေဖြင့် ၎င်းတို့နိုင်ငံသားများအား လူကုန်ကူးခံရသူများဖြစ်သည်ဟုဖော်ပြ၍ အကူအညီ တောင်းခံကြသော်လည်း စိစစ်တွေ့ရှိချက်အရ အချို့သည် လူကုန်ကူးခံရသူများမဟုတ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြောင်း။

ယင်းရာဇဝတ်မှုများသည် မြန်မာနိုင်ငံ၏နယ်မြေအတွင်း တည်ရှိနေခြင်းထက် ကွင်းဆက်များစွာဖြင့်လည်ပတ်နေသော စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် Scam Centre တည်နေရာဖြစ်သော်လည်း ယင်းရာဇဝတ်မှု၏ အရင်းအမြစ်နှင့် အဓိက အကျိုးအမြတ်ရရှိသူမဟုတ်ကြောင်း၊ ၎င်းလုပ်ငန်းအတွက် လူကုန်ကူးခံရသူအားလုံးသည် မြန်မာနိုင်ငံသားများမဟုတ်သလို လိမ်လည်မှုမှရရှိသောငွေကြေးအားလုံးသည်လည်း မြန်မာနိုင်ငံ၏ဘဏ်စနစ်အတွင်း ရောက်ရှိလာခြင်း မရှိကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းအရ နိုင်ငံတိုင်းသည် မိမိတို့နှင့်သက်ဆိုင်သော အစိတ်အပိုင်းအားလုံးကို တိုက်ဖျက်ရန် တာဝန်ရှိကြောင်း၊ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာရာဇဝတ်မှုတိုက်ဖျက်ရေး စံနှုန်းများနှင့်အညီ နိုင်ငံတိုင်းသည် မိမိတို့၏ တာဝန်ကျရာကဏ္ဍကို အပြည့်အဝထမ်းဆောင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခဒေသများမှ လူကုန်ကူးခံရသူများကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အား လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ ပြန်လည်အခြေမချနိုင်ရန်အတွက် ယင်းနေရာများရှိ အဆောက်အအုံများအား ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေရာများ၌ တည်ဆောက်ထားသည့် အဆောက်အအုံများအတွက် လိုအပ်သော အိမ်ဆောက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်မီး၊ စက်သုံးဆီ၊ အင်တာနက်စသည်တို့ကိုလည်း တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူအသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

Scam Center များ လည်ပတ်ရန်အတွက် လိုအပ်သည့်ဝန်ထမ်းအင်အားကို တရားမဝင်နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် လူကုန်ကူးခြင်းဖြင့် ရရှိနေခြင်းဖြစ်ကြောင်း၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးသည် Scam Center များအတွက်ငွေကြေးခဝါချရန် လမ်းကြောင်းများဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအား သယ်ယူပို့ဆောင်ရန် လမ်းကြောင်းများကို ပံ့ပိုးပေးနေခြင်းဖြစ်ကြောင်း၊ ယင်းသို့ဆက်စပ်မှုများကို ဖြတ်တောက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုတိုက်ဖျက်ရေးသည် အမျိုးသားရေးကိစ္စဖြစ်ပြီး မြန်မာနိုင်ငံနယ်စပ်တွင် ပေါ်ပေါက်လာသော အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းသည် နိုင်ငံတကာရာဇဝတ်မှုများကျူးလွန်နေခြင်းဖြစ်သလို ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ၏အရင်းအမြစ်တစ်ခုဖြစ်သဖြင့် ပြတ်ပြတ်သားသားချေမှုန်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့ရှိ တရားဥပဒေစိုးမိုးနိုင်မှု ကင်းလွတ်နေသောနေရာများတွင် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေနိုင်သဖြင့် ပြတ်ပြတ်သားသားနှိမ်နင်းလျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံ ၅၄ နိုင်ငံမှ နိုင်ငံခြားသား ၇၀၀၀၀ ကျော်ကို ရှာဖွေကယ်တင်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးခြင်းမှာ ကမ္ဘာ့အများဆုံး တရားခံလွှဲပြောင်းပေးမှုဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဆက်စပ်ဖြစ်ပွားသောမှုခင်းများသည် နိုင်ငံတကာရာဇဝတ်မှုခင်းများဖြစ်၍ နိုင်ငံတကာနှင့်အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ ယင်းတို့နှင့် ဆက်စပ်ဖြစ်ပွားသည့် ရာဇဝတ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ (၁) နှင့် ဗဟိုကော်မတီဝင်များက တင်ပြဆွေးနွေးကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့၌အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းမြေနေရာများနှင့် ပန်းပွဲတော်ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး





ပြင်ဦးလွင် ဒီဇင်ဘာ ၁၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပြင်ဦးလွင်ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိပြင်ဦးလွင်ဘူတာအနီး မီးရထားဟိုတယ်နှင့်အဆင့်မြင့်ဈေးဝယ်စင်တာတည်ဆောက်မည့်မြေနေရာ၊ ဘောလုံးကွင်းတည်ဆောက်မည့်မြေနေရာ၊ ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံ Cyber City စီမံကိန်းအဆောက်အအုံများနှင့် အိမ်ရာစီမံကိန်းနေရာများ၊ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် ရပ်ကွက်ကြီး(၁၀)တို့ရှိလမ်းများ တိုးချဲ့၊ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေနှင့် ပန်းပွဲတော်ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ယာယီသမ္မတ၏လမ်းညွှန်ချက်အရ စီမံဆောင်ရွက်လျက်ရှိသည့် ပြင်ဦးလွင်ဘူတာအနီး 3 Star အဆင့်ရှိ မီးရထားဟိုတယ်နှင့်အဆင့်မြင့် ဈေးဝယ်စင်တာတည်ဆောက်မည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်မည့် အဆောက်အအုံနှင့်ပတ်သက်၍ဇယားကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ တည်ဆောက်မည့် အဆောက်အအုံသည် အဆင့်မြင့် လေးထပ် အဆောက်အအုံဖြစ်သဖြင့်လျှင်ဒဏ်ခံနိုင်အောင်Pile Foundation ဖြင့်တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ အဆောက်အအုံကို သဘာဝအလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်သော၊ လက်ရှိရှေးဟောင်းအဆောက်အအုံဖြစ်သည့် ပြင်ဦးလွင်ဘူတာ၏ Design ပုံစံနှင့် လိုက်လျောညီထွေရှိစေမည့် ဗိသုကာဒီဇိုင်းပုံစံဖြင့် Conceptual Plan ပုံစံအားရေးဆွဲတင်ပြသွားရန်ဖြစ်ကြောင်း၊ Land–scaping နှင့် Drainage System မှအစ စနစ်တကျတွက်ချက်ရေးဆွဲရန်ဖြစ်ကြောင်း၊ 3 Stars အဆင့်ရှိသည့် ဟိုတယ်ဖြစ်သဖြင့် ဟိုတယ်အခန်းများသည် အဆင့်နှင့်လျော်ညီသော အကျယ်အဝန်းနှင့် Facility ရှိသည့် Design ပုံစံရှိရန်လိုကြောင်း၊ အဆင့်မြင့်ဈေးကိုပါ ထည့်သွင်းတည်ဆောက်ရမည့် Design ပုံစံဖြစ်သဖြင့် ဟိုတယ်တွင် လာရောက်တည်းခိုမည့် ဧည့်သည်များနှင့် ဈေးဝယ်လာရောက်ကြမည့် ဧည့်သည်များအတွက် စံနှုန်းနှင့်ကိုက်ညီသော Facility ရှိရန်လိုကြောင်း မှာကြားပြီး စီမံကိန်းမြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ယာယီသမ္မတ၏လမ်းညွှန်ချက်အရ တည်ဆောက်ရန်လျာထားသည့် ပြင်ဦးလွင် မီးရထား ရိပ်သာနှင့်စက်ခေါင်းစက်ရုံအကြား ဘောလုံးကွင်းအသစ်တည်ဆောက်မည့်မြေနေရာသို့ သွားရောက်စစ်ဆေး၍လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်း၊ ရတနာပုံတယ်လီပို့ပင်မရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ယာယီသမ္မတ၏ မကြာသေးမီကလာရောက်ခဲ့သည့်လမ်းညွှန်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို စနစ်တကျရေးဆွဲတင်ပြဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရတနာပုံမြို့သစ်စီမံကိန်း၏ရတနာပုံ Cyber City အဆောက်အအုံများ၊ အိမ်ရာအဆောက်အအုံများ၊ လမ်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၎င်းမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ပဒေသာမြို့သစ် ရပ်ကွက်ကြီး(၈)သို့သွားရောက်၍ ရပ်ကွက်ကြီး(၈)နှင့် ရပ်ကွက်ကြီး(၁၀) တို့ရှိ အဓိကလမ်းမကြီးများအား လမ်းတိုးချဲ့ရန်၊ လမ်းပြုပြင်ရန်နှင့် နိုင်လွန်ကတ္တရာခင်းရန် လျာထားသည့်လုပ်ငန်းများအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ဆွေးနွေးသည်။ ယင်းနောက် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ရတနာလမ်းနှင့် ပြည်သာယာလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ အမျိုးသား ကန်တော်ကြီးဥယျာဉ်အဝင်လမ်းတစ်လျှောက် ခြံစည်းရိုးနှင့် ကားလမ်းမဘေးလူသွားစင်္ကြံလမ်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ခြံစည်းရိုးများအား ဆေးသုတ်ခြင်းနှင့်ချိန်းလင့်သံဆန်ခါထိပ်ပိုင်းများ၌ သံပြားများဖြည့်စွက်တပ်ဆင်ဆောင်ရွက်မှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ၎င်းမှတစ်ဆင့် အမျိုးသားကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက နိုင်ငံတော်ယာယီသမ္မတရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား Power Point ဖြင့်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပွဲတော်ကျင်းပမှုနှင့် ပတ်သက်ပြီး ယခုအချိန်သည် အမျိုးသားကန်တော်ကြီးဥယျာဉ်၏(၁၈)ကြိမ်မြောက် ကန်တော်ကြီး ပန်းပွဲတော်ကျင်းပနေသည့်ကာလဖြစ်ကြောင်း၊ ဖွင့်ပွဲကျင်းပခဲ့သည့် ဒီဇင်ဘာလ ၆ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိ ပြည်တွင်း/ပြည်ပ ဧည့်သည်ဝင်ရောက်မှုအနေဖြင့် စုစုပေါင်း ၅၄၀၁၄ ဦးရှိပြီဖြစ်ကြောင်း၊ ယမန်နှစ် ကာလတူထက် ဧည့်သည် ၁၆၀၀၀ ခန့်ပိုမိုလည်ပတ်ကြည့်ရှုကြကြောင်း၊ နေ့စဉ်လူဦးရေ ၆၀၀၀ မှ ၁၀၀၀၀ ကျော် ဝင်ရောက်မှုရှိသဖြင့် ပိတ်ပွဲရက်ဖြစ်သည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ လူဦးရေ သုံးသိန်းကျော် ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ အစိုးရရုံးပိတ်ရက်များတွင် နိုင်ငံကျော်အဆိုတော်များဖြင့် ဖျော်ဖြေပွဲများကျင်းပပြုလုပ်ပေးသဖြင့် ရပ်နီးရပ်ဝေးဧည့်သည်များ ပိုမိုဝင်ရောက်ကြကြောင်းနှင့်ဧည့်သည်များအတွက် အစစအရာရာ အဆင်ပြေအောင်စီမံဆောင်ရွက်ထားသဖြင့် ခရီးသွားအပန်းဖြေဧည့်သည်များနှင့်အထူးစည်ကားလျက်ရှိကြောင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး ပန်းပွဲတော်သို့ လာရောက်အပန်းဖြေကြည့်ရှုသူဧည့်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**ပို့ဆောင်ရေးနှင့်**
**ဆက်သွယ်ရေးဝန်ကြီးဌာန**

# (၃၃)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၃)ခုနှင့် ကြေးတံဆိပ်(၁)ခု ဆွတ်ခူးရရှိသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားအဖွဲ့များ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



ရန်ကုန် ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်ထိ ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားအဖွဲ့များ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

အဆိုပါနိုင်ငံ့ဂုဏ်ဆောင်အားကစားအဖွဲ့များတွင် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရွှေတံဆိပ်ဆု ဆွတ်ခူးရယူပေးခဲ့သည့် ရိုးရာခြင်းလုံးအားကစား အမျိုးသားအသင်းနှင့်အမျိုးသမီးအသင်း၊ ပိုက်ကျော်ခြင်းအားကစားနည်း ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆွတ်ခူးပေးခဲ့သော အမျိုးသားအသင်းနှင့်အမျိုးသမီးအသင်း၊ တိုက်ကွမ်ဒိုအားကစားနည်း အသင်းလိုက်ကကွက်ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆွတ်ခူးပေးခဲ့သော အမျိုးသားအသင်း၊ အမျိုးသမီးအသင်းနှင့် ပီတန်းအားကစားနည်းအမျိုးသမီး Shooting ပြိုင်ပွဲ၌ ငွေတံဆိပ်ဆွတ်ခူးပေးခဲ့သော ခင်ချယ်ရီသက်တို့အပါအဝင် အုပ်ချုပ်သူ နည်းပြ၊ အားကစားသမား စုစုပေါင်း ၃၈ ဦးတို့ပြန်လည်ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားအဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရေး

မေသော်

**မြန်မာနိုင်ငံနှင့်ရွေးကောက်ပွဲများ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲများကျင်းပခြင်းသည် အခြေခံအကျဆုံးနှင့် မဖြစ်မနေဖြတ်သန်းရမည့်လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ လွတ်လပ်ရေးမရသေးမီ ဗြိတိသျှလက်အောက်ကျရောက်စဉ် အချိန်ကတည်းကစ၍ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၁၉၂၂ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အထိ အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲသုံးကြိမ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ရွေးကောက်ပွဲများကို အများစုကိုယ်စားပြုစနစ် (Plurality/ Majority System) များအနက်မှ အနိုင်ရသူအကုန်ယူစနစ်(FPTP)ကို ကျင့်သုံးခဲ့သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်သည်။ MMP စနစ်ဆိုသည်မှာ FPTP စနစ်၏ ရိုးရှင်းမှုနှင့် PR စနစ်၏ မျှတမှုတို့ကို ပေါင်းစပ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်စသည့် လွှတ်တော်သုံးရပ်တွင် တာဝန်ထမ်းဆောင်ကြမည့် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက မဲပေးရွေးချယ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးရခြင်းဖြစ်သည်။

**နိုင်ငံရေးပါတီများဖွဲ့စည်းတည်ထောင်ခြင်း**

ရွေးကောက်ပွဲဟုဆိုရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍မရပေ။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း (Electoral Management Body) ဖြစ်သည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စီမံကြီးကြပ်ဆောင်ရွက်ကြရပြီး နိုင်ငံရေးပါတီများမှကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်ဟု ပြဋ္ဌာန်းထားသည်။ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်သည်။ နိုင်ငံရေးပါတီများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်ရမည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မှတ်ပုံတင်ပြီး နိုင်ငံရေးပါတီ ၅၇ ပါတီ ပါဝင်ယှဉ်ပြိုင်ကြမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်တွင် ၈၃၅ ဦး၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် မဲဆန္ဒနယ်အတွက် ၁၀၆ ဦး စုစုပေါင်း ၅၀၂၃ ဦး ကိုယ်စားလှယ်လောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် အတည်ပြုထားပြီးဖြစ်သော်လည်း ရွေးကောက်ပွဲရက်မတိုင်မီ အချို့ကိုယ်စားလှယ်လောင်းများ သေဆုံးခြင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကြောင့် ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခြင်းများရှိသဖြင့် ကိုယ်စားလှယ်လောင်းဦးရေပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

> **ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းသည် တရားမျှတပြီး လွတ်လပ်သော ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံချက်ပေးနိုင်သည်။ သူတစ်ပါးကိုမကောင်းပြောပြီး စည်းရုံးရေးဆင်းသည့်ပုံစံမှာ ရေတိုအတွက်ကြည့်လျှင် ထိရောက်သည်ဟုယူဆနိုင်သော်လည်း ရေရှည်တွင်အကျိုးရလဒ်မကောင်းဖြစ်တတ်သည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် စည်းရုံးရေးလုပ်ငန်းစဉ်ကို နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်သင့်သည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၄၁၉ အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကို လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ကို လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေအရ **ပါတီဝင်ဦးရေစည်းရုံးရာတွင်** ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" အတွင်း "ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀"ကို စည်းရုံးရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက "ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀"ကို စည်းရုံးရမည်။ **ပါတီရန်ပုံငွေအဖြစ်** ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ကျပ်သိန်း ၁၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါက ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးဖြစ်ရမည်။ **ပါတီရုံးခန်းဖွင့်လှစ်ခြင်း**နှင့်ပတ်သက်၍ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီဆိုပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်"အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ၌ ပါတီရုံးခန်းဖွင့်လှစ်ပြီးဖြစ်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံးငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ပြီးဖြစ်ရမည်။ ခိုင်မာအားကောင်းသည့်ပါတီများဖြစ်ရန်အတွက် သတ်မှတ်ထားသည့် ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများ ရှိရမည်ဖြစ်သည်။

ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအရ **နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း**နှင့်ပတ်သက်၍ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၀) ၏ နောက်တွင် ပုဒ်မခွဲငယ် (၁၁) အဖြစ် "ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကိုကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း" ဆိုသည့်အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို သတိပြုရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံရေးပါတီများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် **ဝင်ရောက်ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍** အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ်စက်တင်ဘာလ ၂၁ ရက်တွင် "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ"ကို ပြဋ္ဌာန်းခဲ့သည်။ ထိုတတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏လေးပုံတစ်ပုံတွင် ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရဟူ၍ "မဲဆန္ဒနယ်၏ ထက်ဝက်" အစား "လေးပုံတစ်ပုံ"ဖြင့် ဖြေလျှော့ပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်မဲဆန္ဒနယ်များအတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်ကိုတွေ့ရသည်။

**နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍတိုးတက်ရေး**

ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍကို တိုးတက်စေရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါသည် –

**(က) ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်း**

ပါတီ၏ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုများကို ပွင့်လင်းမြင်သာစွာထုတ်ပြန်ခြင်း၊ ပါတီတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို ပိုမိုပွင့်လင်းအောင်ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခြင်း၊

**(ခ) မူဝါဒရေးဆွဲရာတွင် ပြည်သူလူထုပါဝင်မှု တိုးမြှင့်ခြင်း**

လူထုတွေ့ဆုံပွဲများ၊ အွန်လိုင်းစစ်တမ်းများမှတစ်ဆင့်ပြည်သူ့သဘောထားကို စုဆောင်းခြင်း၊ မူဝါဒရေးဆွဲရာတွင် ကျွမ်းကျင်သူများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်စေခြင်း၊

**(ဂ) ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း**

မဲဆန္ဒရှင်ပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ခြင်း၊ ပါတီ၏မူဝါဒအကြောင်းအရာများကို ရိုးရှင်းစွာရှင်းပြသည့် ပညာပေးမီဒီယာများ ထုတ်လုပ်တင်ဆက်ခြင်း၊

**(ဃ) နည်းပညာအသုံးပြုမှု တိုးမြှင့်ခြင်း**

ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းပလက်ဖောင်းများကို ပိုမိုထိရောက်စွာအသုံးပြုခြင်း၊ အွန်လိုင်းမှတစ်ဆင့် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်း၊

**(င) အားလုံးပါဝင်နိုင်မှုကို မြှင့်တင်ခြင်း**

အမျိုးသမီးများ၊ လူငယ်များ၊ လူနည်းစုအုပ်စုများ ပိုမိုပါဝင်လာစေရန် အားပေးခြင်းနှင့် မသန်စွမ်းသူများ ပါဝင်နိုင်မည့် အစီအစဉ်များရေးဆွဲခြင်း၊

**(စ) ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများ မြှင့်တင်ခြင်း**

ပါတီတွင်း ကျင့်ဝတ်စည်းမျဉ်းများချမှတ်ခြင်းနှင့် တိကျစွာလိုက်နာစေခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

**(ဆ) အခြားပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း**

သဘောထားကွဲလွဲမှုများကို လေးစားစွာဆွေးနွေးနိုင်သည့် ဖိုရမ်များဖန်တီးခြင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် ပါတီများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊

**(ဇ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း**

ပါတီဝင်များနှင့်ကိုယ်စားလှယ်လောင်းများအတွက် သင်တန်းအစီအစဉ်များတိုးမြှင့်ခြင်းနှင့် ခေတ်မီစီမံခန့်ခွဲမှုနည်းစနစ်များ ကျင့်သုံးခြင်း၊

**(ဈ) ရေရှည်တည်တံ့သော မဟာဗျူဟာများ ချမှတ်ခြင်း**

ရွေးကောက်ပွဲကာလအတွင်းသာမက ရွေးကောက်ပွဲအပြီးတွင်လည်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲခြင်းနှင့် ရေရှည်မျှော်မှန်းချက်နှင့် မူဝါဒများကို ပုံမှန်ပြန်လည်သုံးသပ်ခြင်း၊

**(ည) တာဝန်ခံမှု တိုးမြှင့်ခြင်း**

ပါတီ၏ကတိကဝတ်များနှင့်လုပ်ဆောင်ချက်များကို ပုံမှန်အစီရင်ခံခြင်းနှင့် ပြည်သူလူထု၏ တုံ့ပြန်မှုများကိုလက်ခံ၍ လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်း။

ဤအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲအတွင်း နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ပိုမိုထိရောက်စွာမြှင့်တင်နိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ပိုမိုအားကောင်းသော ဒီမိုကရေစီစနစ်တစ်ခု ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

**ပါတီစည်းရုံးရေးနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး**

ပါတီစည်းရုံးရေးဆိုသည်မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရသည့်အချိန်မှစ၍ မိမိတို့ပါတီတွင် ပါတီဝင်အင်အားတောင့်တင်းခိုင်မာရန်၊ လူထုထောက်ခံမှုရရှိရန်နှင့် ရွေးကောက်ပွဲများတွင် မိမိတို့ပါတီကိုယ်စားလှယ်လောင်းများ အနိုင်ရရှိရွေးချယ်ခံရရန် ပြည်သူလူထု(မဲဆန္ဒရှင်များ)အား ထာဝစဉ်စည်းရုံးဆောင်ရွက်ခြင်းကို Long Term Campaign ဟု ခေါ်ဆိုပြီး အထက်တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ ရှိရမည့်ပါတီဝင်အရေအတွက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးဆိုသည်မှာ ရွေးကောက်ပွဲနီးလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းသွင်း၊ စိစစ်အတည်ပြုကြေညာပြီးနောက်ပိုင်းတွင် မဲဆန္ဒနယ်အလိုက်မဲဆွယ်စည်းရုံးခြင်းကို Short Term Campaign အဖြစ်ကော်မရှင်ကခွင့်ပြုပေးထားသည်။ ပါတီစည်းရုံးရေးသည် ပါတီ၏မူဝါဒနှင့်လမ်းစဉ်များကို ပြည်သူလူထုထံချပြရှင်းလင်းပြီး ပါတီဝင်များရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ရခြင်းဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စည်းရုံးလှုပ်ရှားခွင့်ရှိသည်။ မဲဆွယ်စည်းရုံးရေးသည် ရွေးကောက်ပွဲကျင်းပရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးပါက မဲဆွယ်စည်းရုံးရေးကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရသကဲ့သို့ အသုံးစရိတ်ကိုလည်း ကန့်သတ်ထားသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နံနက် ၆ နာရီမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်ည ၁၂ နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုကြောင်း ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၃၄/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး အပိုင်း(၁)နှင့် အပိုင်း(၂)ကျင်းပမည့် နေ့ရက်များကို ကြေညာပြီးဖြစ်ရာ အပိုင်း(၂)အတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကြေညာချက်အမှတ် (၁၅၁/၂၀၂၅)ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်အရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် ၅၆ မြို့နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အားလုံးတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်ည ၁၂ နာရီမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပြီး အပိုင်း(၁)မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်ည ၁၂ နာရီ နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့်မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်မှစ၍ ဆက်လက်ဆောင်ရွက်နိုင်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်ည ၁၂ နာရီမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်အပိုင်း(၂) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရပ်နားထားရမည်ဖြစ်သည်။ ရွေးကောက်ပွဲအပိုင်း(၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက် ည ၁၂ နာရီနောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း(၃)အတွက် သတ်မှတ်ရက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က နှင့် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေအခန်း(၁၀)တို့တွင် ထည့်သွင်းထုတ်ပြန်ထားပြီးဖြစ်၍ နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိစေရေးအတွက် အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ မဲဆွယ်စည်းရုံးရမည်ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က တွင် မဲဆွယ်စည်းရုံးနိုင်သည့် ပုဂ္ဂိုလ်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များက မဲဆွယ်စည်းရုံးနိုင်ကြောင်း ဖော်ပြထားပြီး စည်းရုံးနိုင်သည့် နည်းလမ်းများအနေဖြင့် (၁) သတ်မှတ်သည့် နေရာနှင့်အချိန်တွင် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ (၂) မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်းနှင့် (၃) ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း စသည့်နည်းလမ်းများဖြင့် စည်းရုံးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၀) တွင် ဖော်ပြထားသည်မှာ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသည့် နေရာနှင့်အချိန်အတွင်းသာ ဆောင်ရွက်ခွင့်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် လူစုလူဝေးများ၊ ယာဉ်များဖြင့် စီတန်းလှည့်လည်ခြင်း၊ နည်းမျိုးစုံဖြင့် အပြိုင်အဆိုင် အင်အားပြစည်းရုံးခြင်းများကို ရွေးကောက်ပွဲဥပဒေနှင့်နည်းဥပဒေများတွင် ခွင့်ပြုထားခြင်းမရှိသည်ကို အထူးသတိပြုရမည်ဖြစ်သည်။

မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန် အလို့ငှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၄၆ အရ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်အထိ ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်ပေးထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင် ကြေညာချက်အမှတ် (၁၁၇/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ယခုအခါ ပါတီများအနေဖြင့် ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ညစဉ်နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလျက်ရှိသည်။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၇ တွင် ပုဂ္ဂလိကပိုင်မီဒီယာများမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်းများပြုလုပ်ပါက သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်သွယ်ရေးကွန်ရက်တစ်ခုခု သို့မဟုတ် ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကို အသုံးပြုဆောင်ရွက်ပါက ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေပါပြဋ္ဌာန်းချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲနည်းဥပဒေ ၄၈ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့်လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များနှင့် ဗီနိုင်းပိုစတာများ စိုက်ထူချိတ်ဆွဲခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများဖြုတ်သိမ်းထားခြင်း မရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ဖြုတ်သိမ်းသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျသင့်ငွေကို သက်ဆိုင်ရာနိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း သတိချပ်စေလိုသည်။

မဲဆွယ်စည်းရုံးရန် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိရာတွင်ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမဖြစ်စေရေး သတိပြုရမည့်အချက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၄၉ တွင် ပြဋ္ဌာန်းထားရှိပြီး နည်းဥပဒေ ၅၀ အရ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ"အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ မှ သိန်း ၃၀၀ သို့လည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ မှ ၅၀၀ သို့လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း၏ တရားဝင်ရငွေ၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေတို့မှ ကျခံသုံးစွဲနိုင်ကြောင်း ပြင်ဆင်ထုတ်ပြန်ပေးခဲ့သည်။

**ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီးပုံ**

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ၎င်းတို့၏မူဝါဒများ၊ အစီအစဉ်များနှင့် ရည်မှန်းချက်များကို မဲဆန္ဒရှင်များထံ တိုက်ရိုက်တင်ပြနိုင်သည့် အခွင့်အလမ်းဖြစ်သည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် မျှော်လင့်ချက်များကို ပိုမိုနားလည်လာနိုင်သည့်အတွက် ၎င်းတို့၏မူဝါဒများကို ပြည်သူ့ဆန္ဒနှင့်အညီ ချိန်ညှိနိုင်စေသည်။ **ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းအားဖြင့် ပါတီများနှင့်ကိုယ်စားလှယ်လောင်းအားလုံးအတွက် တန်းတူညီမျှသော အခွင့်အလမ်းကို ဖန်တီးပေးသဖြင့် တရားမျှတမှုရှိခြင်း၊ မဲဆန္ဒရှင်များအား မည်သည့်ဖိအားမှ မပါဘဲ လွတ်လပ်စွာဆုံးဖြတ်ချက်ချစေနိုင်သဖြင့် မဲဆန္ဒရှင်များ၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ကာကွယ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို မြှင့်တင်ပေးသဖြင့် ရွေးကောက်ပွဲ၏ တရားဝင်မှုကို မြှင့်တင်ခြင်း၊ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြား ပဋိပက္ခဖြစ်ပွားမှုကို လျှော့နည်းစေခြင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေခြင်း၊ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးသည့် အလေ့အထများကို လိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီယဉ်ကျေးမှုကို မြှင့်တင်ပေးပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးအတွက် အထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည့်အတွက် ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီးလှပေသည်။**

ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန်အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း (၁၃)"ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များ"၊ အခန်း(၁၄) "တရားမဲ့ပြုကျင့်မှုများ" တွင်ပါရှိသော ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်းနှင့် မိမိပါတီဝင်များနှင့် ပါတီထောက်ခံသူများကို စည်းရုံးရေးဆင်းရာတွင်လည်း တစ်ပါတည်းပညာပေးရန် လိုအပ်လှသည်။

အချုပ်အားဖြင့် မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းသည် တရားမျှတပြီး လွတ်လပ်သော ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံချက်ပေးနိုင်သည်။ သူတစ်ပါးကို မကောင်းပြောပြီး စည်းရုံးရေးဆင်းသည့်ပုံစံမှာ ရေတိုအတွက်ကြည့်လျှင် ထိရောက်သည်ဟုယူဆနိုင်သော်လည်း ရေရှည်တွင်အကျိုးရလဒ်မကောင်းဖြစ်တတ်သည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် စည်းရုံးရေးလုပ်ငန်းစဉ်ကို နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်သင့်သည်။ သူတစ်ပါးကိုတိုက်ခိုက်ခြင်းတွင် မွေ့လျော်တတ်သူ၊ ကျေနပ်တတ်သူထက် အကောင်းမြင်စိတ်ရှိသူ၊ ခင်မင်နှစ်လိုဖွယ်ကောင်းသူ၊ စိတ်ခံတော်ခွန်အားလှသူကိုသာ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်ကြသည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် ဥပဒေနှင့်အညီဖြစ်စေရန် ရေးသားဖော်ပြထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာ၍ နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းဖော်ပြအပ်ပါသည်။ ။

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံရှိအထင်ကရနေရာများအား သွားရောက်လေ့လာ



ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိ ကျောက်စာရုံစေတီတော်များအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ သူရဲကောင်းဗိမာန်(နေပြည်တော်)အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့ကြသည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား အလေးပြုကြစဉ်။



ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို စိတ်ဝင်စားစွာလေ့လာကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့သွားရောက်၍သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့ကြသည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား အလေးပြုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကိုရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးပြခန်းအတွင်း စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများထံမေးမြန်းကြသည်။ ၎င်းနောက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရုရှားတပ်မတော် ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးသို့ သွားရောက်ကြပြီး ဈေးအတွင်းခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ပန်းချီ၊ ပန်းပု စသည့်လက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုလေ့လာဝယ်ယူအားပေးခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကာ သာသနိက အဆောက်အအုံများအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၉ ရက် ညနေပိုင်းတွင်လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ဦးစွာ မော်ကွန်းတိုက်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ငယ်ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာ ပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများကိုလှည့်လည်ကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ သဒ္ဓါမိပတိခေါင်းလောင်းတော်ထိုး၍ ကုသိုလ်ပြုကြသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ကျောက်စာရုံစေတီတော်များနှင့်သာသနိက အဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဓမ္မလမ်းရှိ သမိုင်းချောင်းရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ရန်ကုန်မြို့အတွင်းစီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများမှ စွန့်ထုတ်ရေများ ရေထွက်ပေါက်များမှတစ်ဆင့် သက်ဆိုင်ရာမြစ်များ၊ ချောင်းများအတွင်းသို့ စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေး ခေတ်မီနည်းပညာများအသုံးပြု၍ ချောင်း၊ မြောင်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပိတ်ဆို့နေသည့်နေရာများအား ရှင်းလင်းသွားရန်လို . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေပိတောက်ငါးဈေးရှိ ဈေးဆိုင်ခန်းများအလိုက် ဈေးရောင်းချနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဈေးရောင်းချရမှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားစဉ်။

⋆ ရှေ့ဖုံးမှအဆက်

ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် သမိုင်းချောင်းအပါအဝင် ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေး**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ သမိုင်းချောင်းတံတားနေရာနှင့် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းတံတားနေရာတို့သို့ ရောက်ရှိစစ်ဆေးရာ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းများ၊ ရေနုတ်မြောင်းများစနစ်တကျဖြစ်ရန်လိုကြောင်း၊ အမှိုက်များအား သတ်မှတ်နေရာများ၌သာစွန့်ပစ်စေရေးနှင့် မြောင်းများအတွင်းသို့ စွန့်ပစ်မှုမရှိစေရေး ပြည်သူလူထုအား စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကောင်းမွန်စွာစီးဆင်းမှုမရှိသည့် ချောင်းများ၊ မြောင်းများအတွင်းမှ အနံ့အသက်ဆိုးများသည် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဓမ္မလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း (ရန်ကုန်)ရှိ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

သဖြင့် တာဝန်ရှိသူများအနေဖြင့် ရေစီးရေလာကောင်းမွန်အောင် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းချောင်းအပါအဝင် ရန်ကုန်မြို့အတွင်းစီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများမှ စွန့်ထုတ်ရေများ ရေထွက်ပေါက်များမှတစ်ဆင့် သက်ဆိုင်ရာမြစ်များ၊ ချောင်းများအတွင်းသို့ စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေး ခေတ်မီနည်းပညာများအသုံးပြု၍ ချောင်း၊ မြောင်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိမင်္ဂလာဈေးအတွင်း ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချလျက်ရှိသည့်ပြည်သူများ၊ ကုန်များလာရောက်ပို့ဆောင်ကြသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ နေ့စဉ်ဈေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးစဉ်။

## ❖ လှိုင်မြစ်ကမ်းနံဘေး၌ ကုန်စိမ်းများလာရောက်ပို့ဆောင်ခြင်းများဆောင်ရွက်ရာတွင် စွန့်ပစ်အမှိုက်များအား မြစ်အတွင်းသို့ စွန့်ပစ်ခြင်းများမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက် . . .

ပြုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ရှိသူများအား ရွှေပိတောက်ငါးဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်စွန့်ပစ်မှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့်တာဝန်ရှိသူများက ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)ရှိ အပူချိန်အပေါင်း ၂ ဒီဂရီစင်တီဂရိတ်မှ အပေါင်း ၈ ဒီဂရီစင်တီဂရိတ်အတွင်းထားရှိနိုင်သောအအေးခန်းများနှင့် အပူချိန်အနုတ် ၁၅ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၂၅ ဒီဂရီစင်တီဂရိတ်

ပိတ်ဆို့နေသည့်နေရာများအား ရှင်းလင်းသွားရန်လိုကြောင်းနှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယခင်က ရန်ကုန်မြို့အတွင်း၌ မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှစနစ်တကျဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ယခင်နှစ်များထက် ရေကြီးရေလျှံမှုများ များစွာလျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မရမ်းကုန်းမြို့နယ်ရှိ သမိုင်းချောင်းအား ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်၍ ရေစီးရေလာများကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက မိုးရာသီကာလများတွင် မရမ်းကုန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည့်အပြင် ချောင်းတစ်လျှောက် အနံ့အသက်ဆိုးများလျော့ပါးသွားမည်ဖြစ်သဖြင့် သမိုင်းချောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မြို့နေပြည်သူလူထုများအနေဖြင့်လည်း ချောင်းများ၊ မြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမရှိစေရေး ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက ယခုထက်ပိုမိုသာယာလှပသည့်မြို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီရိမင်္ဂလာဈေးအတွင်း ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချလျက်ရှိသည့်ပြည်သူများ၊ ကုန်များလာရောက်ပို့ဆောင်ကြသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ နေ့စဉ်ဈေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးနှင့်ရွှေပိတောက်ငါးဈေးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### သီရိမင်္ဂလာဈေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာဈေးသို့ ရောက်ရှိကြပြီး ဈေးအတွင်း ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချလျက်ရှိသည့် ပြည်သူများ၊ ကုန်များလာရောက်ပို့ဆောင်ကြသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကုန်များရရှိမှု၊ ဈေးကွက်ရရှိမှု၊ နေ့စဉ်ဈေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် သီရိမင်္ဂလာဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေဝင်ရေထွက်မြောင်းများ စနစ်တကျဖြစ်စေရေး အပိုင်းလိုက်သတ်မှတ်၍ ရေဆေးခြင်းများ၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးနေသည့် အမိုးများကိုလည်း ပြန်လည်ပြုပြင်သွားရန်နှင့် လေဝင်လေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်မြစ်ကမ်းနံဘေး၌ ကုန်စိမ်းများလာရောက်ပို့ဆောင်ခြင်းများဆောင်ရွက်ရာတွင် စွန့်ပစ်အမှိုက်များအား မြစ်အတွင်းသို့ စွန့်ပစ်ခြင်းများမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ရွှေပိတောက်ငါးဈေး

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေပိတောက်ငါးဈေးသို့ ရောက်ရှိကြပြီး ဈေးဆိုင်ခန်းများအလိုက် ဈေးရောင်းချနေသည့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဈေးရောင်းချရမှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားသည်။ ထို့နောက် လှိုင်မြစ်နံဘေးရှိ ရွှေပိတောက်ငါးဈေးဆိပ်ခံဇောတံတား၌ ခရီးသည်များနှင့် ငါးကုန်သည်များ၏ သင်္ဘောများ၊ လှေများဆိုက်ကပ်မှု၊ အသုံးစနစ်တကျဖြစ်စေရေး၊ ပျက်စီးယိုယွင်းနေမှုများအား အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးသွားနိုင်ရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း(ရန်ကုန်)

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါပြီး မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)သို့ သွားရောက်၍ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန၊ ထားရှိနိုင်သော အအေးခန်းများအတွင်း ကာကွယ်ဆေးများအား အမျိုးအစားအလိုက် သိုလှောင်ထားရှိမှု၊ ဆေးထိုးအပ်များ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆေးဝါးများသိုလှောင်ရာတွင် လျှပ်စစ်မီးလိုအပ်ချက် ပြတ်တောက်မှုမရှိစေရေးနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားရန်၊ သိုလှောင်ခန်းများအတွင်း အခန်းတွင်းအပူချိန်ထိန်းညှိမှု စနစ်တကျဖြစ်စေရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets members of Yangon Region government and region and district level departmental officials, discusses regional development





Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets members of Yangon Region government and region and district level departmental officials.

NAY PYI TAW December 11

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing met members of Yangon Region government and region and district level departmental officials at Mingala Hall of the region government office this afternoon, and discussed regional development.

Also present at the meeting were SSPC Secretary Joint Executive Chief General Ye Win Oo, members of the entourage, the Yangon Region chief minister, the Yangon Command commander, deputy ministers.

**Report on ongoing regional development undertakings**

First, the chief minister reported on points of the region, agricultural undertakings, storage capacities of dams, pumping and storing water with solar power and electricity, rural electrification through the use of solar power, loans from national economic development funds for progress of farming, local and foreign investments and job opportunities, MSME development undertakings, promotion of education, health and sports sectors, endeavours for the successful holding of multi-party democracy general election, systematization of polling stations, and guaranteeing the rights of eligible voters, and canvassing campaigns of political parties in Yangon Region.

**Clarifications of Union ministers in connection with the report**

Regarding the report, union ministers, Dr Thet Khaing Win and Dr Soe Win, stressed the collective participation of administrative officials in carrying out public healthcare activities, apart from health staff, pointing out the serious efforts of the State in giving vaccines to expectant mothers and infants, which is an important task. They also discussed the availability of financial support for elderly care services, natural disaster risk reduction undertakings, and building a disaster resilience country.

**Know the region's basic facts correctly, apply them effectively**

Regarding the reports, the Senior General said the country will hold the multi-party democracy general election on 28 this month, and a government change will occur at the end of March 2026. A Union report on the 2024 population and housing census had already been issued. The report includes valuable statistics, numbers and data for the nation. The collected information discloses the daily lifestyles that spotlights demographic changes and rural and urban populations, education level of the citizens, the size of labour force and employment, migration and the way of life. Hence, policymakers, planners, data users must effectively use the said information. Likewise, departmental personnel of Yangon Region too must pay attention to the census report for the development of their region.

**Investing in education regarded an investment in the country's future**

Collected figures and data indicate the weakness in the country's education sector. The government in office is encouraging education promotion activities in all seriousness. Efforts must be made to increase in student class attendance and to maintain the number of students from the lower to higher grades, but weakness is found in the anti-student attrition projects. Yangon Region should strive to reduce student attrition rate, as weakness in the education sector can be followed by the weakness in the remaining sectors. Human resources imbued with intellectual knowledge and technological knowledge must be generated in building a modern nation in the future. In addition, a disciplined and orderly society must be materialized, and as the saying goes, **"Discipline starts at schools"** children of the future must obey the teachings of their teachers. Children who have attended school have better discipline than the ones who have never attended school, and morale and discipline of children improve together with the rise in grades. In addition, they can acquire decent behavior, way of life and habits, and a moral sense to stay away from smoking, drinking and betel chewing that are unbeneficial for them and the society. Students can be turned into a valuable generation of youths with good morale and discipline through systematic schooling. The State Government is enhancing education promotion activities in all seriousness as investing in education is investing in the nation's future. Schools will hold the final examinations in February 2026. Hence, they must make preparations to ensure full participation in the examinations and a resurge in the number of students from lower to higher grades in the coming year.

**Promoting production based on agriculture and livestock businesses**

Regarding agriculture and livestock, he stated that it's necessary to increase production activities to ensure food sufficiency for the people residing in the Yangon Region. He stated that reasonably priced food commodities will only be achieved if sufficient meat, fish, and eggs required by urban residents are produced and sold. He noted that if consumption and production are balanced, the high cost of goods can be reasonably contained. He emphasized the need to utilize the vacant and virgin lands in Yangon City for agricultural and livestock production, strive for regional food security, and ensure food supply is adequate

See Page - 19

■■From Page - 18

for people of all social classes to consume.

He noted that Myanmar, under successive previous governments, experienced trade deficits and relied on non-trade earnings and grants to cover necessary foreign currency expenditures. These trade deficits were caused by weak production; only through domestic production can export goods be generated, leading to trade surpluses. Therefore, he stated that since taking charge, they have promoted production and supported domestic manufacturing. However, because they couldn't achieve full implementation, the expected revenue wasn't fully realized. He concluded that if they can achieve the production targets, they'll be able to increase production in agriculture-based industries. He stated that there are many agricultural and livestock experts in the Yangon Region, so it's essential to utilize these experts effectively to meet the region's needs. He noted that official data shows significant variations in agricultural output in the country across different eras, and that accurate data and statistics are crucial for better analysis and execution of national development efforts. Therefore, he urged those executing the projects to strive to meet the target goals and instructed those responsible for collecting statistics to ensure the accuracy of the data. He stressed that, fundamentally, everyone must genuinely work for the development of the country, and that the necessary resources will be provided to enable this work.

Also, he stated that if agricultural and livestock businesses develop, the socio-economic lives of farmers will also improve, and the resulting increase in local circulating capital will, in turn, lead to regional development. Therefore, he emphasized that they must work to develop production based on agriculture and livestock businesses, and strive for the development of the agricultural, industrial, and service sectors. He stressed the need to encourage the development of CMP and MSME businesses and particularly focus on MSME production based on raw materials available in the regions. He added that the development of the industrial sector will lead to the advancement of the service sector, concluding that the nation can achieve GDP growth primarily by basing its efforts on the agricultural sector.

**Enhancing the health sector**

Regarding health, he mentioned that the country is still in need of health workers. When the current government first took charge, the COVID-19 pandemic was ongoing, and they faced great difficulties due to health workers leaving their posts. A policy has now been set to require graduating doctors from medical universities to serve in public hospitals for a certain period. He stated that they're striving to improve the nation's health sector and have increased the benefits for health workers to a reasonable extent. Since the State provides free education for the public's healthcare services, he urged everyone to cooperate in enhancing the nation's health sector.

**Successfully holding the multi-party democracy general election**

Regarding the election, he stated that the election will be held on December 28th and will be organized into three phases. He emphasized the need to work towards successfully holding the election one hundred percent in the Yangon Region. For the successful holding of a free and fair multi-party democracy general election, it's crucial that all eligible voters can cast their ballots, and that efforts must be made to prevent electoral fraud, which occurred in the 2020 election, calling the fraud a severe incident for the country. He noted that since the current government took responsibility due to errors in the voter lists during the last election, the election they hold must be free from such errors; although one hundred percent accuracy won't be possible, they must strive for the highest possible level of accuracy.He stressed that they must ensure those included in the voter lists do not lose their right to vote; while casting or not casting a vote is the will of the constituents, ensuring they can vote is the government's duty. Since successfully holding the election is a matter of the nation's dignity, everyone needs to cooperate to ensure success in all polling locations. He stated that they're working to enable voting using the Myanmar Electronic Voting Machines (MEVMs), which prevent electoral fraud. He urged everyone to cooperate to make the election free, fair, and dignified. After the election is completed, the Hluttaw will be convened, and the State's responsibilities will be handed over to the new government that is formed. He concluded that the election is an essential task that must be successfully carried out in accordance with the democratic system and the 2008 Constitution, and therefore, officials from the Yangon Region Government need to cooperate to ensure its successful completion.

It's reported that after the meeting, the Senior General and the delegation cordially greeted the attendees.

**100**

---

●●From Page - 21

season in the township can be significantly reduced. In addition, unpleasant odors along the creek will also lessen. Therefore, repair and maintenance works on Thamine Creek will be undertaken. Moreover, residents of the city have to participate in avoiding undisciplined disposing to ensure proper flow of water along creeks and drains with responsibilities so as to shape the beautifier city.

The Senior General and party inspected the Thiri Mingala Market and Shwe Padauk Fish Market in Hlaing Township.

**Thiri Mingala Market**

At the Thiri Mingala Market, the Senior General and party cordially conversed with shopkeepers selling goods at shops and traders transporting commodities and asked them about inflow of commodity, marketing situation and daily experiences in trading.

The Senior General instructed officials to systematically supervise sanitation and tidiness in the market, clean the drains and carry out sanitation. He stressed the need to repair the damaged roofs and ensure the proper ventilation in the market. Moreover, the Senior General underscored that when transporting and handling green groceries along the Hlaing River bank, it is necessary to ensure that waste is not dumped into the river and that all disposal practices are carried out in an orderly and systematic manner, and left necessary guidance.

**Shwe Padauk Fish Market**

On arrival at the Shwe Padauk Fish Market, the Senior General and party cordially greeted vendors at relevant shops and asked about selling of goods. The Senior General also inspected docking of ships and boats for passengers and fishery merchants at the jetty of Shwe Padauk Fish Market on the bank of Hlaing River.

The Senior General gave guidance to officials on proper flow of water in the market, systematic littering and repairing for the necessary structures as quickly as possible.

**Central Vaccine Cold Storage Facility (Yangon)**

The Senior General and party proceeded to the Central Vaccine Cold Storage Facility (Yangon) of the Public Health Department under the Ministry of Health on Mindhamma Road in Mayangon Township and inspected the process of distribution and storage of vaccines.

Union Minister for Health Dr Thet Khaing Win reported on the storage conditions at the Central Vaccine Cold Storage Facility (Yangon), including the cold rooms capable of maintaining temperatures between +2°C and +8°C, as well as the freezers that can keep vaccines and syringes between –15°C and –25°C. Vaccines stored in these rooms according to their respective categories.

After hearing the reports, the Senior General urged officials to ensure an uninterrupted electricity supply for medicine storage, including the use of solar systems as a backup power source, and to maintain proper temperature control inside the storage rooms and gave necessary guidance.

**100**

---

# More than 2,000 acres of croplands placed under sunflower in Monywa Township

MONYWA December 11

Statistics of Monywa Township Agriculture Department disclosed that local farmers have planted more than 2,000 acres of winter sunflower in Monywa Township of Sagaing Region.

During the 2025–2026 winter crop season, farmers in Monywa Township have planned to cultivate 7,755 acres of winter sunflower. Cultivation began in October this year, and as of today, a total of 2,335 acres have already been planted.


"This year, during the winter crop season in Monywa Township, we planned to grow over 7,000 acres of sunflower. As of today, more than 2,000 acres have already been cultivated. We are making efforts to ensure the full targeted acreage is achieved. To reduce the import of edible palm oil, we will continue to expand the cultivation of oil crops such as sunflower. Among oil crops, sunflower produces more oil per acre than groundnut or sesame. It is mainly grown during the winter season," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

To expand sunflower cultivation in Monywa Township, the Township Agriculture Department has been conducting awareness and capacity-building training for departmental staff and sunflower-growing farmers.

This year, arrangements have been made to provide quality sunflower seeds to farmers, to sell urea and compound fertilizers at reasonable prices, and to distribute new sunflower varieties through farmer-to-farmer seed exchange systems.

**SK**

# 20 more buildings used in online fraud and gambling dismantled in KK Park area, online scammers and gamblers arrested in Ward 3 of Myawady



A 3-story illegal residential building in Section (3) of the KK Park area.

NAY PYI TAW December 11

The Myanmar government is conducting operations inside illegal structures in areas such as Shwe Kokko and KK Park, where online fraud and gambling activities are most prevalent. Confiscated items used in these illegal online gambling operations, as well as the illegal structures themselves, are being systematically demolished. These operations are carried out by combined teams composed of security forces, administrative bodies, and local authorities.

As part of ongoing operations to combat online fraud and gambling, today in the Myawady–Maehtawthalay (KK Park) area, authorities demolished 20 illegal structures in Section 3 that were used for online fraud and gambling activities. These included two three-storey buildings, 15 two-storey buildings, and three single-storey warehouses. With this action, a total of 381 out of 635 illegal structures in the KK Park area have now been systematically dismantled.


Burning and destroying equipment used by online fraud and gambling perpetrators within the Shwe Kokko area.



Clearing out buildings that could harbor illegal foreigners.

Furthermore, the foreign nationals arrested in Shwe Kokko, and KK Park areas of Myawady are being repatriated to their respective countries as quickly as possible, with consideration for humanitarian treatment and mutual goodwill between nations. Today, a total of 115 foreign nationals detained in the Myawady–Shwe Kokko area—comprising 71 from the Philippines, 42 from Ethiopia, one from Egypt, and one from Rwanda —were transferred to their respective countries via the Myanmar–Thailand Friendship Bridge No 2 in accordance with legal procedures. Efforts are continuing to repatriate the remaining illegal foreign nationals, all of whom are being properly detained.

Furthermore, combined teams composed of security forces, administrative bodies, and local authorities have been conducting searches and clearance operations since 8 December to prevent illegal foreign nationals from residing in buildings around Myawady town in Kayin State and to stop online fraud and gambling activities. Today, 48 more buildings were inspected. Among these, authorities discovered four gambling tables used for online fraud and gambling in one building located on the 2nd Shwetaung Street, Ward 3, Myawady and arrested four Ethiopian nationals involved in these activities.

Today, in the Myawady Township areas of, relevant accessories used for online fraud and gambling activities were systematically incinerated in KK Park and Shwe Kokko areas of Myawady Township to ensure they cannot be used again.

The government of Myanmar has taken the fight against online fraud and gambling as a national responsibility and will continue to ensure that such activities cannot take root within the country. Operations will be carried out in coordination with domestic forces as well as the governments of neighbouring countries.

100

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing inspects proper drainage measures and systematic management for markets in Yangon City



Senior General Min Aung Hlaing inspects a drainage canal.

NAY PYI TAW December 11

Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing, accompanied by Commission Secretary Joint Executive Chief General Ye Win Oo, members of the inspection tour, the Chief Minister of Yangon Region and officials, made an inspection tour of the urban development undertakings, proper flow of water in drains and systematic management for markets in Yangon Region this morning.

**Proper flow of water in creeks and drains including Thamine Creek flowing in Yangon City**

First, the Senior General and party inspected the Thamine Creek Bridges on Mindhamma Road and on Bayintnaung Road in Mayangon Township where Mayor U Bo Htay and officials reported to the Senior General on efforts to ensure proper drainage processes.

After hearing the reports, the Senior General stressed the need to systematically manage the beautification of Yangon City and the proper drainage process at creeks and drains. It is necessary to raise the public awareness to dispose garbage at the relevant sites and avoid littering into the drains. Officials need to systematically manage the proper flow of water in drains as bad smell from the blockage of creeks and drains may harm health of the people. The Senior General gave guidance that it is necessary to apply modern technology to inspect and assess the creeks and drains flowing through Yangon, including the Thamine Creek, to ensure that wastewater can flow freely through their outlets into the relevant rivers and waterways without obstruction. Blocked sections along these creeks and channels need to be cleared, he added.

Although Yangon City had experienced inundation in the rainy season for several times, similar occurrences of flooding were less than the previous years due to concerted efforts of the Yangon City Development Committee which emphasizes systematic and proper flow of water in creeks and drains in Yangon City. If maintenance and repair work is carried out on Thamine Creek in Mayangon Township to improve water flow, flooding during the monsoon

See Page - 19




Senior General Min Aung Hlaing cordially converses with a shopkeeper.



Senior General Min Aung Hlaing inspects Shwe Padauk Fish Market in Hlaing Township.

# ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းနှင့် အမျိုးသမီးဖူဆယ်အသင်းတို့၏ အုပ်စုတွင်းပွဲစဉ်များ ဒီဇင်ဘာလ ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် စတင်ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းနှင့် အမျိုးသမီးဖူဆယ်အသင်းတို့၏ အုပ်စုတွင်းပွဲစဉ်များကို ဒီဇင်ဘာလ ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် ဆီးဂိမ်းပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာလ ၁၃ ရက်တွင် မြန်မာအမျိုးသမီးဖူဆယ်အသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးဖူဆယ်အသင်း၊ ဒီဇင်ဘာလ ၁၄ ရက်တွင် မြန်မာအမျိုးသမီးဖူဆယ်အသင်းနှင့် ဗီယက်နမ်အမျိုးသမီးဖူဆယ်အသင်းတို့သည် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ BTU Hall ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



အဆိုပါမြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် တည်းခိုနေထိုင်ရမည့် ဘန်ကောက်မြို့သို့ ဒီဇင်ဘာလ ၁၀ ရက်ကရောက်ရှိပြီး လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ထို့အတူ ဆီးဂိမ်းအမျိုးသားဖူဆယ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းပါဝင်သည့် အုပ်စုပွဲစဉ်များကို ဒီဇင်ဘာလ ၁၅ ရက်တွင် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းသည် ထိုင်းနိုင်ငံသို့ရောက်ရှိလေ့ကျင့်နေပြီး ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာလ ၁၅ ရက်တွင် မြန်မာအမျိုးသားဖူဆယ်အသင်းနှင့်အင်ဒိုနီးရှားအမျိုးသားဖူဆယ်အသင်း၊ ဒီဇင်ဘာလ ၁၆ ရက်တွင် မြန်မာအမျိုးသားဖူဆယ်အသင်းနှင့် ထိုင်းအမျိုးသားဖူဆယ်အသင်း၊ ဒီဇင်ဘာလ ၁၇ ရက်တွင် မြန်မာအမျိုးသားဖူဆယ်အသင်းနှင့် မလေးရှားအမျိုးသားဖူဆယ်အသင်း၊ ဒီဇင်ဘာလ ၁၉ ရက်တွင် မြန်မာအမျိုးသားဖူဆယ်အသင်းနှင့် ဗီယက်နမ်အမျိုးသားဖူဆယ်အသင်းတို့သည် ထိုင်းနိုင်ငံ Nonthaburi Stadium ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

လှသစ်

## မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်သည့် ခြင်းလုံးအသင်းများကို ဂုဏ်ပြုငွေများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံ၌ကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုများဆွတ်ခူးပေးနိုင်သည့် အမျိုးသားခြင်းလုံးအသင်းနှင့် အမျိုးသမီးခြင်းလုံးအသင်းမှ ကစားသမားများကို ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထိုသို့ချီးမြှင့်ရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အမေရိကန်ဒေါ်လာ ၆၀၀၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ထိုင်းဘတ်ခြောက်သိန်း၊ မြန်မာနိုင်ငံ



ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ထိုင်းဘတ်ငါးသောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုကော်မတီဝင်များက ထိုင်းဘတ်ငါးသောင်းနှင့် အမေရိကန်ဒေါ်လာ ၄၀၀ တို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံခြင်းလုံးအားကစားအဖွဲ့ချုပ်နာယက ဦးစိုးတင့်က ထိုင်းဘတ်သုံးသောင်း၊ ဥက္ကဋ္ဌ ဦးရဲဝင်းထွဋ်က အမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်က အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးမွန်နှင့်အဖွဲ့ဝင်များက အမေရိကန်ဒေါ်လာ ၆၀၀ နှင့် ထိုင်းဘတ်တစ်သောင်းတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲ၏ အမျိုးသား/အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲများတွင် ငွေတံဆိပ်ဆုများဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသား/ အမျိုးသမီးခြင်းလုံးကစားသမားများကိုလည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အမေရိကန်ဒေါ်လာ ၄၀၀ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှသစ်

➤ ကျောဖုံးမှအဆက်

အဆိုပါလှေလှော်ပြိုင်ပွဲ အမျိုးသားတစ်ယောက်လှော် မီတာ ၅၀၀ ပွဲစဉ်တွင် မြန်မာနိုင်ငံမှ လှေလှော်ကစားသမားမျိုးလှိုင်ဝင်းက ငွေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ၏ လှေလှော်ပွဲစဉ်များကို ဒီဇင်ဘာလ ၁၀ ရက်မှ စတင်ကျင်းပလျက်ရှိရာ ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်လည်း မြန်မာလှေလှော်အားကစားသမားများက သက်ဆိုင်ရာလှေလှော်အားကစားနည်းများအလိုက် ကျန်ရှိသည့်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

လှသစ်

**ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။**

## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၁-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၄၁ | ၂၄ | ၁၄ | ၇၉ |
| ၂ | ဗီယက်နမ် | ၁၄ | ၈ | ၂၇ | ၄၉ |
| ၃ | အင်ဒိုနီးရှား | ၁၃ | ၂၀ | ၁၃ | ၄၆ |
| ၄ | စင်ကာပူ | ၉ | ၁၀ | ၁၃ | ၃၂ |
| ၅ | ဖိလစ်ပိုင် | ၅ | ၇ | ၂၀ | ၃၃ |
| ၆ | မလေးရှား | ၃ | ၁၂ | ၂၀ | ၃၆ |
| ၇ | မြန်မာ | ၂ | ၆ | ၃ | ၁၁ |
| ၈ | လာအို | ၁ | ၁ | ၉ | ၁၁ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ အမျိုးသား / အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်တွင် ဟိန်းထွဋ်နှင့် သက်ထားသူဇာအတွဲ ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံ၌ကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) ကြက်တောင်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဟိန်းထွဋ်နှင့် သက်ထားသူဇာအတွဲက ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်တွင် မြန်မာကြက်တောင်ကစားသမား ဟိန်းထွဋ်နှင့် သက်ထားသူဇာအတွဲသည် လာအိုနိုင်ငံမှ ကြက်တောင်ကစားသမား Namboun Luangamath နှင့် P. Daopasith အတွဲကို




ရမှတ် ၂၁-၁၁ နှင့် ၂၁-၁၄ မှတ်တို့ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြက်တောင်အားကစားပြိုင်ပွဲ၏ အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်ကို ယနေ့တွင်ကျင်းပခဲ့ကြောင်း သိရသည်။

လှသစ်

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်






နေပြည်တော် ဒီဇင်ဘာ ၁၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ထိုင်းနိုင်ငံ ဘန်ကောက်၊ ချွန်ဘူရီနှင့် ချင်းမိုင်မြို့တို့ရှိသက်ဆိုင်ရာအားကစားကွင်း/ရုံများ၌ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာအသင်းအနေဖြင့် ပိုက်ကျော်ခြင်း၊ ဂျူဂျစ်ဆု၊ ခရစ်ကတ်၊ ကဘာဒီ၊ ပီတန်း၊ ဘိလိယက်နှင့်စနူကာ၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကျွမ်းဘား၊ ဘော်လီဘော၊ စကိတ်၊ ပြေးခုန်ပစ်၊ ဂေါက်သီးရိုက်၊ ရွက်လှေ၊ တက်ဂ်ဘော၊ ဟော်ကီ၊ ကနူး/ကယက်၊ ရေကူး၊ ကရာတေးနှင့်ဘောလုံးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Ronnaphakat Building, Navaminda Kasatriyadhiraj Air Force Academy ၌ ကျင်းပလျက်ရှိသည့် ဂျူဂျစ်ဆု အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းမှ -၆၉၊ -၈၅၊ -၄၈၊ -၅၇ ကီလိုတန်းပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသမီး – ၆၇ ကီလိုတန်းတွင် မြန်မာအမျိုးသမီးကစားသမား ကေသွယ်မွန်လင်းက ထိုင်းနိုင်ငံမှ CHAREEWAN PIYACHUTRUTAI အား ရှုံးနိမ့်ခဲ့ပြီး ထိုင်းမှ CHAREEWAN PIYACHUTRUTAI ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှကေသွယ်မွန်လင်း ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် မီတာ ၂၀၀ ကနူးအမျိုးသားနှစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်လှော်ခတ်ခဲ့ရာ မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်သည့် မျိုးလှိုင်ဝင်းနှင့်ထွဋ်ခေါင်ဇော်တို့အတွဲသည် ၃၉ ဒသမ ၅၃၄ စံချိန်နှင့် ထိုင်းနိုင်ငံမှလက်ရွေးစင်အားကစားသမားများဖြစ်သည့် Sisong Mongkhonchai နှင့် Mahawattanangkul Pitpiboon တို့ကို ၃၈ ဒသမ ၈၂၀ စံချိန်မျှသာကွာခြားသည့်အတွက် မြန်မာအသင်းမှ မျိုးလှိုင်ဝင်းနှင့်ထွဋ်ခေါင်ဇော်တို့အတွဲက ရွှေတံဆိပ်ဆုနှင့်လွဲချော်ကာ ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရပြီး အင်ဒိုနီးရှားက ကြေးတံဆိပ်ဆုရရှိခဲ့သည်။

ကယက် Slalom အမျိုးသမီးတစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ ပိုပိုအောင်က ကြေးတံဆိပ်၊ ထိုင်းနိုင်ငံက ရွှေတံဆိပ်၊ အင်ဒိုနီးရှားနိုင်ငံက ငွေတံဆိပ် ရခဲ့သည်။

ဂျူဒို(Nage-no-Kata)နှစ်ယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ရမှတ် ၃၉၂ ဒသမ ၅ မှတ်ဖြင့် ပထမ၊ ထိုင်းအသင်းကရမှတ် ၃၉၀ ဖြင့် ဒုတိယ၊ မြန်မာအသင်းမှ လရောင်ရှန်နှင့်လှိုင်မင်းခန့်တို့အတွဲက ရမှတ် ၃၇၅ မှတ်ဖြင့် တတိယ၊ လာအိုအသင်းက ရမှတ် ၃၆၂ ဒသမ ၅ မှတ်ဖြင့် ပူးတွဲတတိယတို့ အသီးသီး ရရှိခဲ့သည်။

အလားတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Nakhonpathom Sports Center Bangkok ၌ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်တွင် မြန်မာအသင်းမှ ရှိန်းဝဏ္ဏဇော်(ရှိန်းလေး)၊ သန့်ဇင်ထွန်း(ခတ်လုံး)၊ ကျော်မင်းသူနှင့် ဇင်မင်းဦး(အာဒစ်)တို့ပါဝင်ကစားခဲ့ကြပြီး ဖိလစ်ပိုင်အသင်းကို (၁၅-၁၀)၊ (၁၆-၁၇)၊ (၁၅-၁၂) ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် မြန်မာအသင်းမှ ထူးအောင်ကျော်(သားထူး)၊ အောင်အောင်(အောင်ကြီး)နှင့် ရဲထက်တို့ ပါဝင်ခဲ့ပြီး ဖိလစ်ပိုင်အသင်းကို (၁၇-၁၅)၊ (၁၅-၈)ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင်မင်းသန့်သူ၊ အောင်မျိုးကျော်(မျိုးလေး)၊ နိုဝင်ဘာကိုကို(ဖိုးသဲ)နှင့် ရန်ပိုင်ဦး(ကျောင်းတိုက်)တို့ ပါဝင်ခဲ့ကြပြီး ဖိလစ်ပိုင်အသင်းကို (၁၅-၁၂)၊ (၁၄-၁၇)၊ (၁၅-၁၁) ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ရာ စုစုပေါင်း (၃-၀)ရလဒ်ဖြင့် မြန်မာအသင်းမှ အနိုင်ရရှိခဲ့သည်။ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့်အင်ဒိုနီးရှားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Valaya Alongkorn Rajabhat University under the Royal Patronage (Bangkok)၌ ပီတန်း အမျိုးသား/ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းမှ မောင်ထွေးကိုကိုနှင့် မပန်းအိတို့အတွဲ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ထိုင်းနိုင်ငံတွင်ကျင်းပနေသော(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲရေကူးအားကစားနည်း၏အမျိုးသားမီတာ ၅၀ ပက်လက်ကူးပွဲစဉ်တွင် မြန်မာနိုင်ငံမှပိုင်ထူးဟန်က စံချိန် ၃၁ ဒသမ ၆၈ စက္ကန့်ဖြင့် ပြိုင်ပွဲဝင် ၁၂ ဦးအနက် အဆင့်(၁၁)ရရှိခဲ့သည်။ ဗိုလ်လုပွဲသို့ ရှစ်ဦးသာတက်ရောက်မည်ဖြစ်သောကြောင့် ပိုင်ထူးဟန်မှာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nothaburi ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ အမျိုးသား Snooker 6-Red Singles ကွာတားဖိုင်နယ်ရှစ်ဦးအဆင့်ပြိုင်ပွဲတွင် မြန်မာအသင်းမှ နေမင်းထွန်းက လာအိုအသင်းမှ အားကစားသမားကို ၅ ပွဲ ၂ ပွဲဖြင့်အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲတက်ရောက်ကာ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ရွှေတံဆိပ်ဆုရှင် မြန်မာကစားသမား ဦးပေါက်စသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ထိုင်းနိုင်ငံမှကစားသမား ယူတာပေ့ါကို ၃-၂ပွဲဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲကိုတက်ရောက်ခဲ့သည်။ ဒီဇင်ဘာလ ၁၂ ရက်**(ယနေ့)**တွင် ဗိုလ်လုပွဲစဉ်၌ ပြိုင်ဘက်ဟောင်း စင်ကာပူနိုင်ငံသား ပီတာဂေးလ်ခရစ်နှင့်တွေ့ဆုံနေပြီး နှစ်ဦးသည် ဗိုလ်လုပွဲအဆင့်၌ နောက်ဆုံးသုံးကြိမ်ဆက်တွေ့ဆုံနေခြင်းလည်းဖြစ်သည်။

အလားတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Gymnasium 4, Thammasat University Rangsit Campus, Pathum Thani ၌ ကျင်းပလျက်ရှိသည့် ကြက်တောင်ပြိုင်ပွဲ အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းမှ ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့အတွဲက လာအိုနိုင်ငံမှကြက်တောင်ကစားသမား N.Luangamath နှင့် P.Daopasith တို့ကိုနှစ်ပွဲပြတ်ရလဒ်ဖြင့်အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာလ ၁၁ ရက် ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် တိုက်ကွမ်ဒို အမျိုးသမီး -၆၇ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ကေသွယ်မွန်လင်းက ဒုတိယ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မီတာ ၂၀၀ ကနူးအမျိုးသားနှစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးလှိုင်ဝင်းနှင့်ထွဋ်ခေါင်ဇော်တို့အတွဲက ဒုတိယ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကယက် Slalom အမျိုးသမီးတစ်ယောက်လှော်ပြိုင်ပွဲတွင်မြန်မာအသင်းမှ ပိုပိုအောင်က တတိယ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဂျူဒို(Nage-no-Kata) နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ လရောင်ရှန်နှင့် လှိုင်မင်းခန့်တို့အတွဲက တတိယ ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးထပ်မံဆွတ်ခူးရရှိခဲ့သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာလ ၁၁ ရက်ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၆ ခု၊ ကြေးတံဆိပ် ၃ ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ထိုင်းနိုင်ငံဆိုင်ရာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ကျော်စိုးလွင်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ်တူဂိုးကွာခြားချက်ကြောင့် အုပ်စုနဲ့သာကျေနပ်ခဲ့ရ

နေပြည်တော် ဒီဇင်ဘာ ၁၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)၏ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ချွန်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi)၌ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက မြန်မာအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည့်အတွက် မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်သုံးသင်းစလုံး သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ်ခြောက်မှတ်စီတူညီနေကြသော်လည်း ဂိုးကွာခြားချက်အရ ဗီယက်နမ်က အုပ်စုဗိုလ်အဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်က အုပ်စုဒုတိယနေရာမှလည်းကောင်း အသီးသီးဆီမီးဖိုင်နယ်တက်ရောက်သွားကြပြီး မြန်မာအသင်းက အုပ်စုဖြင့်သာကျေနပ်ခဲ့ရသည်။

ပြိုင်ပွဲပထမပိုင်း ပွဲစစချင်း မြန်မာအသင်းအနေဖြင့် အထနှေးပြီး မြန်မာအသင်း၏နောက်တန်းကစားသမားများ ရှေ့နောက်ချိတ်ဆက်မှုအားနည်းသည့်အတွက် မြန်မာအသင်းဘက်ကို ဂိုးခြိမ်းခြောက်မှုများစွာဖြင့် ဗီယက်နမ်အသင်းမှ ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ဗီယက်နမ်အသင်းမှ Ngan Thi Su ကျောနံပါတ်(၈)နှင့် Nguyen Thi Bich Thuy ကျောနံပါတ်(၁၃)တို့က ဆက်တိုက်သွင်းယူခဲ့ပြီး မြန်မာအသင်းမှ တိုက်စစ်ကိုမြှင့်တင်ပြီး ချေပဂိုးရရှိနိုင်ရန်အတွက် လူစားလဲကစားခြင်းများပြုလုပ်ခဲ့သော်လည်း ပထမပိုင်းပြီးဆုံးချိန်တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းအား ၂ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းဂိုးသမားအပြောင်းအလဲပြုလုပ်ခဲ့သည့်အပြင် မြန်မာအသင်းက နော်ထက်ထက်ဝေနေရာတွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းနှင့် ဝင်းသိင်္ဂီထွန်းနေရာတွင် မေထက်လူအားလူစားလဲပြုလုပ်ခဲ့ပြီး ဗီယက်နမ်အသင်းဘက်ကိုအားကောင်းကောင်းဖြင့်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သော်လည်း ဒုတိယပိုင်းပြီးဆုံးချိန်တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းအား ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသည်။



ထိုင်းနိုင်ငံတွင်ကျင်းပနေသော(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(B) ပွဲစဉ်များအဖြစ် ဖိလစ်ပိုင်နှင့် မလေးရှား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုးပြတ်၊ ဖိလစ်ပိုင်အသင်းက မလေးရှားအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာလ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ အိမ်ရှင်ထိုင်းနှင့် ဖိလစ်ပိုင်တို့ တွေ့ဆုံနေကြကြောင်းသိရသည်။

**ကျော်စိုးလွင်**

# တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး ၃ ဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ ၁ ဦးတို့အား ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ၊ တာချီလိတ်နှင့်မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး ၃ ဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသား ၁ ဦးတို့အား ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)သည် မြန်မာနိုင်ငံ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC) ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ပြစ်မှုများကျူးလွန်ပြီး မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr. Phonchana Phongthong(ခ)Toon(ဖွန်းချနာဖုန်းထောင်း(ခ)သွန်း)၊ Mrs. Thanida Puangngern(ခ)Ning(ထနိဒါးဖုံးငင်း(ခ)နိန်း)နှင့် Mr. Wi Rat Taou Dom(ဝီလတ်ထောင်းဝုဒွမ်)တို့ ၃ ဦးအား ကူညီစုံစမ်းဖော်ထုတ်ဖမ်းဆီးပေးပါရန် သတင်းဖလှယ်ပေးပို့ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါ အလိုရှိတရားခံပြေး ၃ ဦးအား စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၁၃-၁၁-၂၀၂၅ ရက်နေ့တွင် Mr. Phonchana Phongthong(ခ) Toon(ဖွန်းချနာဖုန်းထောင်း(ခ)သွန်း)၊ Mrs. Thanida Puangngern(ခ)Ning(ထနိဒါးဖုံးငင်း(ခ)နိန်း)တို့အား တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၌လည်းကောင်း၊ ၁၄-၁၁-၂၀၂၅ ရက်နေ့တွင် Mr. Wi Rat Taou Dom (ဝီလတ်ထောင်းဝုဒွမ်)အား မိုင်းတုံမြို့နယ်၊ နားကောင်းမူကျေးရွာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း။





တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး ၃ ဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ ၁ ဦးတို့အား ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာအရ အဆိုပါ အလိုရှိတရားခံပြေး ၃ ဦးနှင့်အတူ ၁၆-၉-၂၀၂၅ ရက်နေ့တွင် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သူ ထိုင်းနိုင်ငံသား Mr. Chairit Phucharoen (ချရစ်ဖူချရွန်)တို့အား နှစ်နိုင်ငံတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်စိန်ဝင်း ဦးဆောင်သည့် အဖွဲ့မှ ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ အတွင်းရေးမှူးချုပ် Police Major Suriya Singhakamol ဦးဆောင်သည့်အဖွဲ့ထံသို့ ၁၁-၁၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီအချိန်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော် မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့်တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၁၀၀)

MINISTRY OF HEALTH

(၂၄)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Side Scan Sonar(SSS)Survey and Associated Studies, MOGE 24" Domestic Pipeline Route Survey နှင့်လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းတို့တွင် Pipeline Route Survey လုပ်ငန်းများအား MV.HAI DUONG 86(Call Sign: XVOH7)ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Side Scan Sonar(SSS)Survey and Associated Studies,MOGE 24" Domestic Pipeline Route Survey နှင့် Pipeline Route Survey လုပ်ငန်းများ ဆောင်ရွက်မည့်တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **Block M5,M6(Side Scan Sonar Survey Locations)**

| Well | Latitude | Longitude |
|---|---|---|
| Carb-A | 15° 23' 21.42" N | 95° 14' 40.61" E |
| Carb-F | 15° 16' 50.29" N | 95° 09' 23.36" E |
| Carb-1 | 15° 07' 45.20" N | 94° 09' 48.20" E |

(ခ) **Block M9(Pipeline Route Survey Locations**

| Well | Latitude | Longitude |
|---|---|---|
| Line 1(Start) | 14° 26' 26.34" N | 95° 35' 17.87" E |
| Line 1(End) | 14° 19' 55.12" N | 95° 39' 24.02" E |
| Line 2(Start) | 14° 23' 33.07" N | 95° 37' 48.82" E |
| Line 2(End) | 14° 21' 55.69" N | 95° 45' 24.87" E |
| Line 3(Start) | 14° 21' 55.69" N | 95° 45' 24.87" E |
| Line 3(End) | 14° 24' 40.74" N | 95° 52' 19.16" E |
| Line 4(Start) | 14° 18' 06.00" N | 95° 53' 54.85" E |
| Line 4(End) | 14° 15' 24.15" N | 95° 56' 51.00" E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Side Scan Sonar(SSS)Survey and Associate Studies,MOGE 24" Domestic Pipeline Route Survey နှင့် လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းတို့တွင် Pipeline Route Survey လုပ်ငန်းများအား MV.HAI DUONG 86(Call Sign:XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့်ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်(Notice to Mariners)အား ထုတ်ပြန်ကြေညာထားပါသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "KaungMyat" Facebook အကောင့်၊ "EiEiKhaing" Facebook အကောင့်နှင့် “မြင့်မြတ်” Facebook အကောင့်များ၏ ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ မြင့်မြတ်ကို(ခ) မြင့်မြတ်အား ည ၈ နာရီခွဲတွင်ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူ လေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်း ထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့် သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကို ညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC)အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့်သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သောပေ၊ ပုရပိုက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉)၊ ၈၆ လမ်း၊ ၂၁ x ၂၂ လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) စာတည်း
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း ၀၉-၅၁၉၄၀၇၁

မြဝတီ

# Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့တွင် "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign များဆောင်ရွက်




နေပြည်တော် ဒီဇင်ဘာ ၁၁

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေး "ဒို့အတူတူမဲပေးကြမယ်"အသိပညာပေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ယနေ့တွင် နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့၌ဆောင်ရွက်သည်။

နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ဆောင်ရွက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့၊ ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများလိုလားသည့်ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူ ရွေးချယ်ကြပါစို့ စသည့်အသိပညာပေး လက်ကမ်းစာစောင်များကို လှုံ့ဆော်ရေး Campaign သို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးသည်။

ထို့နောက် ပြင်းထန်သည့်လျှင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့နှင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ မှတ်တမ်းဗီဒီယိုတို့ကိုပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့်အသိပညာများရရှိစေရန်ရည်ရွယ်၍ ယနေ့Campaign ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မကြာမီကျင်းပတော့မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ကျောင်းသား၊ ကျောင်းသူများနှင့်လည်း သက်ဆိုင်ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်း လာမည့်ရွေးကောက်ပွဲတွင် မဲပေးသင့်ပြီး မဲပေးရန်လည်းတာဝန်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအတွက် MRTV DTH စလောင်း ၁၅ စုံ၊ DVB–T2 Set Top Box ၁၀ လုံးတို့ကို ကံစမ်းမဲဖောက်ပေးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ရှိ စုဝေးခန်းမ၌ ဆက်လက်ပြုလုပ်ရာ မှတ်တမ်းဗီဒီယိုများပြသပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအတွက် MRTV DTH စလောင်းအစုံ ၃၀၊ DVB–T2 Set Top Box အလုံး ၂၀ တို့ကို ကံစမ်းမဲဖောက်ပေးသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ဝန်ထမ်းများက ယိမ်းအကအလှများ၊ ကျောင်းသား၊ ကျောင်းသူများက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် Naypyitaw State Polytechnic University မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလှုံ့ဆော်မှု Campaign များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး လူထုလှုံ့ဆော်မှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# မင်းဘူးခရိုင်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု ရှင်းလင်းပြောကြား



နေပြည်တော် ဒီဇင်ဘာ ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းသို့ရောက်ရှိရာ ခရိုင်အဆင့်မီရန် မြှင့်တင်ဆောင်ရွက်မည့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်တို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေကို ဒေသခံများအား တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည့်အခမ်းအနားကို မင်းဘူးမြို့ ဦးသြဘာသမြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မင်းဘူးခရိုင်၏ သစ်တောဖုံးလွှမ်းမှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၁၄ ဒသမ ၄၂ ရာခိုင်နှုန်းရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၁၅ ဒသမ ၆၁ ရာခိုင်နှုန်းအထိတိုးတက်လာကြောင်း၊ မင်းဘူးမြို့သည် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း အပူချိန်အမြင့်မားဆုံး ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့သည့်အပြင် နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ လက်မ ၄၀ အောက်သာရှိကြောင်း၊ မင်းဘူးမြို့အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် သစ်ပင်စိုက်ပွဲများဆောင်ရွက်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲ/ယာစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းနှင့် တစ်ရွာနှစ်ဧက ဘက်စုံသုံးစိုက်ခင်း တည်ထောင်ခြင်းတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံတစ်ဝန်းတွင် သစ်ပင်ပေါင်း ၁၂၁ ဒသမ ၈၇ သန်း စိုက်ပျိုးပေးခဲ့ရာ မင်းဘူးခရိုင်တွင် ၂ ဒသမ ၇၅ သန်းကျော် စိုက်ပျိုးပေးခဲ့ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို ငါးနှစ်စီမံချက်ရေးဆွဲ၍ အပင်ပေါင်း ၁၂ ဒသမ ၅ သန်းကျော်စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၂၆ ခုနှစ် မိုးရာသီတွင် မင်းဘူးခရိုင်အနေဖြင့် အပင်ပေါင်းနှစ်သိန်းကျော် စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်းဘူးခရိုင်၏ဆည်ရေသောက်ဧရိယာမှာ တိုင်းဒေသကြီးတစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်းရှိကြောင်း၊ မင်းဘူးခရိုင်သည် မကွေးတိုင်းဒေသကြီး၏ အိုအေစစ်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာတိုးတက်လာကြောင်း၊ ထို့အတူ မွေးမြူရေးကဏ္ဍကိုလည်း တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ




**မွေးသက္ကရာဇ်အမှန်**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း Grade-5 မှ (ဘ)ဦးသန်းဝင်း၏သမီး မနှင်းဖြူဖြူလွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၂၀၁၄ ဖြစ်ပါကြောင်း။

၆-၉-၂၀၁၄

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့ အ.ထ.က Grade-5 တွင်ပညာသင်ကြားနေသော မောင်အောင်မြင့်မြတ်၏ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်သူ ၇/ရတရ(နိုင်)၁၅၇၅၇၁ ဖြစ်ပါကြောင်း။ **ဦးစိုင်းအောင်သူ**

**ပျောက်ဆုံးကြောင်း**

ရိန်ချိန်မီး(ဘ)ဦးလဂတ်လ ၁၃/တကန(နိုင်)၃၁၀၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လှလှထွေး(ဘ)ဦးသိန်းဝင်း ၇/ညလပ(နိုင်)၁၈၅၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/G-15: Hardware Requirement for HR Application System ရှိ Nexus Switch (၂)လုံး၏လိုင်စင်(၆)ခု၊ TOR Switch(၂)လုံး၏ Product Maintenance Service Contract (Hardware Warranty License)နှင့် Accounting System ၏ New Zabbix အတွက်အသုံးပြုသော Red Hat OS လိုင်စင်(၄)ခုတို့အား (၁)နှစ်သက်တမ်းတိုးခြင်းလုပ်ငန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲတွင် အသုံးပြုလျက်ရှိသော CBM/G-16: Hardware Requirement for Currency Management (CMD)Application Upgrade တွင် အသုံးပြုသည့် Meraki (MX100)Firewall ၏ Product Maintenance Service Contract (Hardware Warranty License & Advanced Security License)အား (၁)နှစ်သက်တမ်းတိုးခြင်းလုပ်ငန်းတို့အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၁-၁၂-၂၀၂၅)ရက်နေ့မှ (၁၈-၁၂-၂၀၂၅)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၉-၁၂-၂၀၂၅)ရက်နေ့ မွန်းလွဲ(၁:၀၀)နာရီနောက် ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁ % အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအားငွေသား (သို့မဟုတ်)PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ)လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀ နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ပျောက်ဆုံးကြောင်း**

စိုင်းအောင်ကျော်ဦး(ဘ)စိုင်းအောင်ကျော်လင်း ၁၃/နခန(နိုင်)၀၆၄၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၀၀၀၂၉၂

**ပျောက်ဆုံးကြောင်း**

သော်တာထက်(ဘ)ဦးဇော်ထွန်း ၁၂/ဗတထ(နိုင်)၀၄၄၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 533485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

သန်းဝင်းအောင်(ဘ)ဦးမောင်စောဝင်း ၁၁/စတန(နိုင်)၀၇၀၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 168267)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၆၅၁၄၂၆

**ပျောက်ဆုံးကြောင်း**

ဦးဦးရွှေသန်း(ဘ)ဦးကျော်သိန်းအောင် ၁၁/ရသတ(နိုင်)၀၆၂၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဖြူဖြူဝင်း(ဘ)ဦးထွန်းမြင့်ဝေ ၁/မကတ(နိုင်)၁၃၅၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၅၇၈၀၅၃

**ပျောက်ဆုံးကြောင်း**

ဟေမာမျိုး(ဘ)ဦးမြဝင်း ၁၂/ကခက(နိုင်)၀၈၀၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၉၁၂၃၁

**ပျောက်ဆုံးကြောင်း**

မျိုးဇော်ဇော်(ဘ)ဦးရန်အေး ၇/သကန(နိုင်)၁၁၇၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၉၆၆၂၅၁၆

**ပျောက်ဆုံးကြောင်း**

လှလှကြူ(ဘ)ဦးစိန်တင် ၃/လဘန(နိုင်)၀၃၈၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 572329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

မပိုးဥ(ဘ)ဦးတင်ထွဋ် ၁၂/ကမရ(နိုင်)၀၇၀၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၃၄၄၅၉၈၄

**ပျောက်ဆုံးကြောင်း**

စိုးမြင့်ထွေး(ဘ)ဦးဘရီ ၁၀/သဖရ(နိုင်)၁၆၄၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 180369)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**

သက်မိုးခိုင်(ဘ)ဦးလှဘိုင် ၁၂/လမန(နိုင်)၀၀၃၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၆၄၈၅၇၉

**ပျောက်ဆုံးကြောင်း**

သော်ယဉ်ဝေ(ဘ)ဦးမင်းစန်း ၈/မဘန(နိုင်)၁၂၈၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၉၈၄၀၇၇၆

**ပျောက်ဆုံးကြောင်း**

သီဟစိုး(ဘ)ဦးမြင့်စိုး ၈/ပခက(နိုင်)၂၉၅၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၉၆၉၆၃၇၇

**ပျောက်ဆုံးကြောင်း**

ကောင်းခန့်အောင်(ဘ)ဦးအေးရွှေ ၁၂/ကမန(နိုင်)၁၄၁၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၂၃၃၃၆၈

**ပျောက်ဆုံးကြောင်း**

နော်ဆဲဘလုထူး(ဘ)စောထူးနေမြ ၁၄/ပသတ(နိုင်)၂၀၄၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၆၄၆၆၈၈၄

**ပျောက်ဆုံးကြောင်း**

ခိုင်သဇင်(ဘ)ဦးခင်မောင်ညွန့် ၈/မသန(နိုင်)၁၅၁၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၀၈၂၈၀၀

**ပျောက်ဆုံးကြောင်း**

ရန်နိုင်အောင်(ဘ)ဦးလူဖျောက်ဖျင့် ၁၃/လရန(နိုင်)၁၆၇၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

လှရွှေ(ဘ)ဦးနူရ်မာမက် ၁၂/သဃက(နိုင်)၁၃၉၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၈၄၅၁၇၃

**ပျောက်ဆုံးကြောင်း**

ဒေါ်ခမ်း(ဘ)ဦးဆွဲခမ်းဟိန်း ၁၃/နခတ(နိုင်)၀၀၆၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၇၀၈၃၅၂

**ပျောက်ဆုံးကြောင်း**

နှင်းနှင်းညို(ဘ)ဦးအိုက်မြတ် ၁၃/နခန(နိုင်)၀၃၅၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၇၀၈၃၅၂

**ပျောက်ဆုံးကြောင်း**

ကျော်စွာလင်း(ဘ)ဦးကျော်ဝင်း ၁၄/ဇလန(နိုင်)၁၂၀၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၂၅၇၅၄၃၄

**ပျောက်ဆုံးကြောင်း**

မိုးပြည့်သိင်္ဂီ(ဘ)ဦးဝင်းနိုင်ဦး ၁၄/ဖပန(နိုင်)၂၃၀၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၅၅၉၃၅၅

# နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျိုင်းတုံမြို့၊ မိုင်းခွန်အုပ်စု၊ ကောင်းကန်ရွာနေ အဘ ဦးရီကျော်မင်၏သား ဦးလောအန် ၁၃/ကတန(နိုင်)၂၀၁၂၄၅ နှင့် တာချီလိတ်မြို့၊ မိုင်းကိုးအုပ်စု၊ ရန်ကုန်ရွာနေ အဘ ဦးနော်တောင်၏သမီး ဒေါ်ခွန်မိုင် ၁၃/တခလ(နိုင်)၁၀၆၁၅၂ တို့သည် ၁၁-၁၂-၂၀၂၅ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခွန်မိုင်**

**ကုမ္ပဏီ“မ”တည်ငွေပြောင်းလဲခြင်းကိစ္စ**

Happy Kyal Sin Lin Co.,Ltd. ၏ ကုမ္ပဏီ“မ”တည်ရင်းနှီးငွေကျပ် ၃၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းသုံးထောင်တိတိ)မှ ကျပ်သိန်း ၅၀,၀၀၀,၀၀၀/- (ကျပ်သိန်းငါးရာတိတိ) သို့ (၉-၁၂-၂၀၂၅)ရက်နေ့တွင် ကုမ္ပဏီ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ပန်းတင်အင်းရွာနေ ဒေါ်မေသန်း(ဘ)ဦးအေးဒိုး ၆/လလန(နိုင်)၀၃၅၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၆၆၃၃၅၁၀

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ ကောင်းမြတ်ဖြိုး(ဘ)ဦးဝင်းကြည် ၇/ပခန(နိုင်)၄၀၃၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 158247)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၂၉)နေ ဝင်းသန္တာဆွေ(ဘ)ဦးမြင့်ဆွေ ၁၂/သလန(နိုင်)၀၁၀၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၅၀၇၇၀၉၇

## ပျောက်ဆုံးကြောင်း

တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၅)လမ်း၊ မ-၈/၆ လွှာနေ ဇင်ဗိုလ်ဟိဏ်း(ဘ)ဦးရွှေမောင်ထွန်း ၁၂/တမန(နိုင်)၁၃၂၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 876372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့၊ အစုကြီးကျေးရွာအုပ်စု၊ တာတပေါကလေးကျေးရွာ၊ အလယ်ပိုင်းနေ နော်ဖောကမ္ဘီးစေး(ဘ)ဦးချစ်ထွေး ၁၄/အမန(နိုင်)၂၃၄၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၄၂၁၃၃၈၀

# စာပေမြင့်မှ လူမျိုးတင့်မည်

**ပျောက်ဆုံးကြောင်း**

နန်းအေးဝင်း(ဘ)ဦးထွန်းအောင် ၁၃/နခန(နိုင်)၀၀၆၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၇၀၈၃၅၂

## ပျောက်ဆုံးကြောင်း

ကလေးမြို့၊ ချမ်းမြေ့အောင်စည်(၃)နေ သိန်းဝင်းပိုင်(ဘ)ဦးသိန်းတန် ၅/ကလထ(နိုင်)၃၂၆၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နေ ဦးအောင်သူ ၇/ပခန(နိုင်)၃၄၄၉၀၀ ၏သား ကောင်းထက်ဝေယံအား ဝင်းသက်ပိုင်ဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**ဝင်းသက်ပိုင်ဟိန်း**

## ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့နေ ဖြူဖြူလှိုင်(ဘ)ဦးဝင်းလှိုင် ၇/ဒဥန(နိုင်)၂၁၆၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

ပုလောမြို့၊ ကျောက္ကာရွာနေ ခင်မူမြင့်(ဘ)ဦးရွှေသန်းညွန့် ၆/ပလန(နိုင်)၀၄၃၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၃၂၆၄၉၈

## ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့၊ သစ်ဆိမ်ပင်ကျေးရွာအုပ်စု၊ နတ်စင်ကျေးရွာနေ အေးကျော်(ဘ)ဦးထွန်းဆောင် ၉/တကန(နိုင်)၁၆၉၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၂၀၈၅၅၈

**ပျောက်ဆုံးကြောင်း**

မျိုးမင်းထွန်း(ဘ)ဦးထွန်းကြည် ၁၂/သကတ(နိုင်)၀၀၂၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

သန်းဇော်(ဘ)ဦးအုန်းကြည် ၁၁/တကန(နိုင်)၁၁၂၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သန်းမင်းအောင်(ဘ)ဦးအောင်ရွှေ ၁၂/မဘန(နိုင်)၁၀၆၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 458574)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

သက်မာဦး(ဘ)ဦးသက်ဝင်းခိုင် ၇/ကဝန(နိုင်)၁၉၇၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၅၈၈၇၂၇

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၈၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မြဝတီမြို့၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ၇၁ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၂ ဦး၊ အီဂျစ်နိုင်ငံသား ၁ ဦးနှင့် ရဝမ်ဒါနိုင်ငံသား ၁ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၁၅ ဦး















KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။




မြဝတီမြို့တွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင် အီသီယိုးပီးယားနိုင်ငံသားများနှင့် လောင်းကစားမှုတွင်အသုံးပြုသည့်ပစ္စည်းများကို တွေ့ရစဉ်။

အသုံးပြုသည့် လောင်းကစား ခုံ ၄ လုံးနှင့် အတူ တရားမဝင် အီသီယိုးပီးယားနိုင်ငံသား အမျိုးသား ၄ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ်အဆောက်အအုံ ၂ လုံး၊ ၂ ထပ်အဆောက်အအုံ ၁၅ လုံးနှင့် ၁ ထပ် ဂိုဒေါင်အဆောက်အအုံ ၃ လုံး၊ စုစုပေါင်းတရားမဝင်အဆောက်အအုံအလုံး ၂၀ ကို ထပ်မံဖြိုချဖျက်ဆီးခဲ့တို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင်အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၈ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ ရွှေတောင်(၂)လမ်းရှိ အဆောက်အအုံ ၁ လုံး အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင်

လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေး တောင်သူများနှင့်တွေ့ဆုံ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာ၌ ကျင်းပသည့် ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေး တောင်သူတွေ့ဆုံပွဲနှင့် နေကြာနှင့်ပိုက်ဆန်လျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံတောင်သူများထံ ဆင်းရွှေကြာ(၂)၊ ပိုက်ဆန်လျှော်၊ ထရိုင်ကိုဒါးမားမြေဆွေးနှင့် ကျောက်မှုန့်မြေဩဇာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ စိမ်းလဲ့လွင်ခန်းမ၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးဆောင်ရွက်နေမှုနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် သစ်လေးလုံးကျေးရွာကွင်းအမှတ်(၁၇၀၇) တောင်သူဦးဝင်းမောင်၏လယ်မြေငါးဧကတွင် မျိုးစေ့ချစက်ကိရိယာအသုံးပြု၍ ဆောင်းနေကြာစိုက်ပျိုးနေမှုနှင့် ဒေသခံတောင်သူများအား မျိုးစေ့ချစက်ကိရိယာဖြင့် ဆောင်းနေကြာ လက်တွေ့စိုက်ပျိုးပြသနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော နေပြည်တော်မြို့မဈေးရှိ RCအတွင်း၊ အပြင်နှင့် ပတ်လည်အတွင်းရုံများပြန်လည်ပြုပြင်နေမှုနှင့် ဆိုင်ခန်းများ ဖွင့်လှစ်ထားရှိမှု၊ သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ်(၈-က)၌ ဖ၀၀ စတုရန်းပေရှိသော (၄)ခန်းတွဲ၊ (၄)ထပ် အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည့် ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေး တောင်သူတွေ့ဆုံပွဲနှင့် နေကြာမျိုးစေ့၊ ပိုက်ဆန်လျှော်များထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံတောင်သူများထံ ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့များနှင့် လက်တွန်း(Drum Seeder)စက်များပေးအပ်ကာ တောင်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်ဥတ္တရသီရိမြို့နယ်မောင်းရမ်းကျေးရွာခန်းမ၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးသည့်စနစ်ကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ လစ်ဟာမှုမရှိအောင်ဆောင်ရွက်ရေး၊ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မင်းကုန်းအုပ်စု မအူလေးပင်ကျေးရွာရှိ ဒေါ်ထိပ်တင်နွဲ့၏ အမှတ်-၁ နှင့် အမှတ်-၂ ခြံတွင် ဇီဝဖိုးငှက် အကောင်ရေ ၃၃၀၀ ခန့် မွေးမြူထားရှိမှုနှင့် ငှက်သိုက်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**အောင်သူရဦး(ဒက္ခိဏ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၀˚c |
| ရန်ကုန် | ၁၉˚c | / | ၃၂˚c |
| မန္တလေး | ၁၆˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဉာဏ်ရည်တုနည်းပညာနှီးနှောဖလှယ်ပွဲ ပိတ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ဉာဏ်ရည်တုနည်းပညာ(AI) ကဏ္ဍ နှီးနှောဖလှယ်မှုများဆောင်ရွက်နေသည့် ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်နင်းမြို့၌ ဒီဇင်ဘာလ ၆ ရက်တွင် ပြီးသီးနှံများ အထွက်ကောင်းစေရေးနှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်မှုများ၊ အာဆီယံနှင့် အာဖရိကနိုင်ငံများနှင့် စိုက်ပျိုးရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နန်နင်းဟိုတယ်ကြီး၌ ဉာဏ်ရည်တုနည်းပညာ နှီးနှောဖလှယ်ပွဲ၏ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊



ဆက်လက်လေ့လာကြသည်။

နံနက်ပိုင်း၌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွမ်ရှီးဟာဝေး (Huawei) ရုံးချုပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကင်မရာနှင့် ရေဒါများ၊အာရုံခံကိရိယာများနှင့်အဆင့်မြင့် ထိန်းချုပ်စနစ်များတပ်ဆင်ထားသည့် AI သုံး မောင်းသူမဲ့ EV များကို အသုံးပြုပုံများ၊ ဘက်ထရီနှင့် အားသွင်းမှုအခြေအနေများကို လက်တွေ့ရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ ပြန့်ပွားရေးပူးပေါင်းဆောင်ရွက်ရန် မေးမြန်းဆွေးနွေးသည်။

ယင်းနောက် Smart Building တွင် AI သုံး အလိုအလျောက် ထိန်းချုပ်စနစ်များဖြင့် လျှပ်စစ်မီးအလင်းရောင်၊ ဖျော်ဖြေရေး၊ စွမ်းအင်သုံးစွဲမှု အလုပ်လုပ်ပုံများကို လက်တွေ့လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွမ်ရှီး JieJiaRun-JJR သိပ္ပံနှင့် နည်းပညာကုမ္ပဏီသို့ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ပျိုးသူမလိုအပ်ဘဲ မိမိတို့စိုက်ပျိုးရေးခြံအား AI ဖြင့် စိုက်ပျိုးနိုင်မှု၊ AI ဖြင့် စိုက်ပျိုးပိုင်ဆယ်မြို့ အစိုးရအရာရှိများကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး Mr. Gaol Yisong၊ နိုင်ငံတကာဆက်ဆံရေးနှင့်သင်တန်းပေးရေးဌာနမှူး Mr. Wei Xiao နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နှီးနှောဖလှယ်ပွဲဆိုင်ရာ မှတ်တမ်းဗီဒီယိုကိုပြသခဲ့ပြီး ဒုတိယဝန်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့က အမှာစကားများနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ညီအစ်ကိုသဖွယ် ချစ်ကြည်ရင်းနှီးလှသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုအခွန့်ရှည်ခိုင်မြဲစေလျက် ဖွံ့ဖြိုးရေးထိရောက်နက်ရှိုင်းလှသော AI ကဏ္ဍ ပူးပေါင်းဖလှယ်ရေးများကို စဉ်ဆက်မပြတ်အရှိန်မြှင့်တင်ပြီး အေးအတူပူအမျှ မျှဝေသော အနာဂတ်အသိုက်အဝန်းကောင်းများကို အတူတကွတည်ဆောက်သွားကြရန်ပြောကြားကြပြီး ဒုတိယကျောင်းအုပ်ကြီးက နှီးနှောဖလှယ်ပွဲ အောင်မြင်စွာပြီးမြောက်ခြင်းဆိုင်ရာ ဂုဏ်ပြုလွှာများကို မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အလွတ်တန်းစက်ဘီးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အမျိုးသား၊ အမျိုးသမီးအလွတ်တန်း စက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာလ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲအတွက် မင်္ဂလာဒုံမြို့နယ် ပြည်လမ်း ဘိုခြံမီးပွိုင့်မှ တာလွှတ်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲ



အတွက် ပြည်လမ်း လေဆိပ်လမ်းဆုံမှ တာလွှတ်မည်ဖြစ်ကာ အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲဝင်အားလုံးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ ပြည်သူ့ရင်ပြင်သို့ စီးနင်းပန်းဝင်ကြရမည်ဖြစ်သည်။

ဆုကြေးငွေအဖြစ် အမျိုးသားပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်း၊ ပဉ္စမဆု ငွေကျပ်ခုနစ်သောင်းခွဲ၊ အမှတ်စဉ် (၆)မှ အမှတ်စဉ်(၂၅)အထိ ငွေကျပ်ငါးသောင်းစီနှင့် အမျိုးသမီးပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း၊ စတုတ္ထဆုနှင့် ပဉ္စမဆု ငွေကျပ်ခုနစ်သောင်းခွဲစီ၊ အမှတ်စဉ်(၆)မှ အမှတ်စဉ်(၂၀)အထိ ငွေကျပ်ငါးသောင်းစီချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဖုန်း- ၀၉-၄၃၁၂၉၁၇၇၊ ၀၉-၄၂၀၁၆၃၃၄၈ နှင့် ၀၉-၅၁၁၁၄၀၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# လက်ရှိဖြစ်ပွားနေသော ထိုင်း - ကမ္ဘောဒီးယား နယ်စပ်ပဋိပက္ခ၌ ထိုင်းစစ်သည် ကိုးဦး ကျဆုံးထားဟုဆို

**ဘန်ကောက်၊ စစ်ရေး**


ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား လက်ရှိဖြစ်ပွားနေသော နယ်စပ်ပဋိပက္ခများတွင် ထိုင်းစစ်သည်ကိုးဦးကျဆုံးထားသည်ဟု ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူရာဆတ်ကောင်စီရီက ဒီဇင်ဘာလ ၁၁ ရက်တွင်ပြောသည်။

ထို့ပြင် နှစ်နိုင်ငံကြားဖြစ်ပွားနေသော အပြန်အလှန်တိုက်ခိုက်မှုများကြောင့် လူ ၁၂၀ ကျော်ဒဏ်ရာရရှိပြီး နှစ်သိန်းနီးပါးမှာ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်းနှင့် ကယ်ဆယ်ရေးစခန်းပေါင်း ၈၄၉ ခုဖွင့်လှစ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူကဆက်ပြောသည်။

ထို့အတူ တိုက်ခိုက်မှုများကြောင့် ဆေးရုံနှင့်ဆေးခန်းစုစုပေါင်း ၂၀၀ ကျော်သည် အနည်းငယ်မှစ၍ ကြီးကြီးမားမားပျက်စီးမှုများအထိရှိကြောင်းနှင့် နှစ်နိုင်ငံကြား ပစ်ခတ်တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

# ရုရှားနိုင်ငံက ကင်ဆာရောဂါကာကွယ်ဆေးအတွက် စမ်းသပ်ဆေး ပထမအသုတ်ကိုထုတ်လုပ်



**မော်စကို၊ ကျန်းမာရေး**

ရုရှားနိုင်ငံက ကင်ဆာရောဂါကာကွယ်ဆေးအတွက် စမ်းသပ်ဆေးပထမအသုတ်ကိုထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မော်စကိုမြို့ရှိ ဂါမယ်လီယာသုတေသနဌာနမှ ညွှန်ကြားရေးမှူး အလက်ဇန်းဒါးဂျင့်စဘာ့က ပြောသည်။ ဉာဏ်ရည်တုနည်းပညာ (AI) ထောက်ပံ့မှုယူထားပြီး mRNA ကိုအခြေခံထားသည့် အဆိုပါကာကွယ်ဆေးသည် လူနာ၏မျိုးရိုးဗီဇအချက်အလက်များကို အသုံးပြုခြင်းအားဖြင့် ယင်းလူနာတွင်ဖြစ်ပေါ်နေသောအကျိတ်များကို ပစ်မှတ်ထားတိုက်ခိုက်မည်ဖြစ်သည်။

ပဏာမလေ့လာမှုများအရ ကာကွယ်ဆေးသည် အကျိတ်များကိုသေးငယ်သွားစေပြီး ယင်းအကျိတ်များ၏ကြီးထွားမှုနှုန်းကိုလည်း ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ နှေးကွေးစေနိုင်သည်ဟု တွေ့ရှိထားသည်။ ယခုထုတ်လုပ်ထားသော စမ်းသပ်ဆေးဝါးများကို အူမကြီးကင်ဆာဝေဒနာရှင်များနှင့် ကနဦးစမ်းသပ်မှုများလုပ်သွားမည်ဖြစ်သည်ဟု သုတေသနဌာနကထုတ်ပြန်ထားသည်။

လက်ရှိထုတ်လုပ်ထားသော ကာကွယ်ဆေးများသည် စမ်းသပ်မှုလုပ်ရန်သာဖြစ်သော်လည်း တရားဝင်အသုံးပြုနိုင်ရေးအတွက်လိုအပ်သောစစ်ဆေးမှုများအားလုံးကို အောင်မြင်စွာဖြတ်ကျော်ထားနိုင်ပြီဖြစ်ကြောင်း သုတေသနဌာနညွှန်ကြားရေးမှူးကပြောသည်။ ဂါမယ်လီယာသုတေသနဌာနသည် Sputnik V အမည်ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထုတ်လုပ်သည့်ဌာနဖြစ်သည်။

**Ref: RT**

# အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားသော ရေကြီးမှုများကြောင့် သေဆုံးသူဦးရေ ၁၀၀၀ နီးပါးရှိလာ

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံ၌ဖြစ်ပွားလျက်ရှိသော ရေကြီးမှုများကြောင့် သေဆုံးသူဦးရေမှာ ၁၀၀၀ နီးပါးရှိလာကြောင်း၊ ပြည်သူသိန်းပေါင်းများစွာမှာ အဘက်ဘက်မှပြတ်လပ်မှုများနှင့်ရင်ဆိုင်နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အားမလိုအားမရဖြစ်နေကြောင်းသိရသည်။

အဆိုပါသဘာဝဘေးများကြောင့် ဒီဇင်ဘာလ ၁၁ ရက်အထိ သေဆုံးသူဦးရေမှာ ၉၉၀ အထိရှိလာပြီဖြစ်ကြောင်း၊ လူအများဆုံးသေဆုံးသည့်ဒေသမှာ ဆူမားတြားကျွန်းအနောက်မြောက်ပိုင်းဖြစ်ကြောင်း၊ ယင်းသဘာဝဘေးကြောင့် ပျောက်ဆုံးနေသူ ၂၂၀ ကျော်အထိရှိနေဆဲဖြစ်ကြောင်း သဘာဝဘေးလျှော့ပါးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီကပြောသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဒေသ၌ယခုရက်ပိုင်းတွင် နောက်ထပ်မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရင်ဆိုင်ရနိုင်ခြေရှိကြောင်းသိရသည်။

**Ref: AGC**

# အမေရိကန်နိုင်ငံကို NATO တပ်ဖွဲ့မှ နုတ်ထွက်နိုင်စေမည့် ဥပဒေကြမ်းတစ်ခု လွှတ်တော်အမတ်တင်သွင်း

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်နိုင်ငံကို NATO တပ်ဖွဲ့မှ နုတ်ထွက်နိုင်စေမည့် ဥပဒေကြမ်းတစ်ခုကို ရီပတ်ဘလစ်ကန်ပါတီမှ လွှတ်တော်အမတ် သောမတ်မက်ဆီက တင်သွင်းလိုက်သည်ဟုသိရသည်။ ထို့ပြင် NATO တပ်ဖွဲ့သည် အမေရိကန် အခွန်ထမ်းပြည်သူများထံမှ ဒေါ်လာထရီလီယံပေါင်းများစွာကို ရယူနေသည့် စစ်အေးခေတ်အမွေအနှစ်တစ်ခုဖြစ်ကြောင်း လွှတ်တော်အမတ် သောမတ်မက်ဆီကပြောသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် NATO တပ်ဖွဲ့မှနုတ်ထွက်ရမည်ဖြစ်ပြီး ထိုတပ်ဖွဲ့အတွက် ကျသင့်ပေးနေရသည့် ငွေကြေးများကို ကိုယ့်နိုင်ငံကိုယ်ကာကွယ်ရေးအတွက်သာ အသုံးပြုသင့်ကြောင်းနှင့် ယင်းမှတစ်ဆင့် ပြည်ပစစ်ပွဲများတွင် အမေရိကန်ပါဝင်နေရမှုကို လျှော့ချနိုင်စေမည်ဖြစ်ကြောင်း လွှတ်တော်အမတ်ကပြောသည်ဟုသိရသည်။

**Ref: RT**

# ICC က တရားရုံးမဟုတ်တော့ဘဲ နိုင်ငံရေးလက်နက်ဖြစ်လာဟု ကျွမ်းကျင်သူပြော



**ဘေရွတ်၊ နိုင်ငံရေး**

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဖြစ်သည့် ICC သည် ယခုအခါ တရားရုံးမဟုတ်တော့ဘဲ နိုင်ငံရေးလက်နက်တစ်ခုဖြစ်လာနေကြောင်း ဘေရွတ်မြို့မှနိုင်ငံရေးသိပ္ပံနှင့် အပြည်ပြည်ဆိုင်ရာဥပဒေကျွမ်းကျင်ပညာရှင် အလီဖတ်လဲလာကပြောသည်။ ထို့ပြင် ICC အနေဖြင့် ဘက်လိုက်မှုများရှိလာခြင်းသည် နိုင်ငံတကာစနစ်ကြီးတစ်ခုလုံးတွင် အတွင်းပိုင်းမှလှိုက်စားနေသည်ကို ပြသနေခြင်းဖြစ်သည်ဟု အလီဖတ်လဲလာက Sputnik သတင်းဌာနသို့ပြောထားသည်။

မကြာသေးမီကပင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအပေါ် ICC ၏ ကြေညာချက်နှင့်ပတ်သက်၍ ခြိမ်းခြောက်မှုအချို့နှင့်ရင်ဆိုင်ရသော်လည်း နောက်ပိုင်းတွင် မည်သို့သောလုပ်ဆောင်မှုမျှ ပေါ်ပေါက်လာခြင်းမရှိကြောင်း ၎င်းကဆက်ပြောသည်။

ထို့ကြောင့် ICC သည် ရဝမ်ဒါနှင့် ယူဂိုဆလားဗီးယားဖြစ်စဉ်များတွင် မြင်တွေ့ရသကဲ့သို့ နိုင်ငံရေးဖိအားပေးမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုတို့အတွက် ကိရိယာတစ်ခုဖြစ်လာပြီဖြစ်ကြောင်း၊ ယင်းကြောင့်ပင် အချို့သောလုပ်ဆောင်ချက်များကချက်ချင်းမဖြစ်လာနိုင်သေးသော်လည်း ထိုအဖွဲ့ကြီးတစ်ခုလုံးကို ပြင်ဆင်ပြောင်းလဲမှုများ လုပ်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်ဟုသိရသည်။

**Ref: Sputnik**

# ယူကရိန်းက လုပ်ဆောင်ချက်တစ်ခုတည်းဖြင့် ပဋိပက္ခကိုရှောင်လွှဲနိုင်ခဲ့မည်ဟုဆို

**ဝါရှင်တန်၊ နိုင်ငံရေး**

ယူကရိန်းနိုင်ငံသည် လုပ်ဆောင်ချက်တစ်ခုတည်းကိုသာလုပ်ဆောင်ရုံဖြင့် လက်ရှိဖြစ်ပွားနေသောပဋိပက္ခကို ရှောင်လွှဲနိုင်ခဲ့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ အကြံပေးဟောင်းကပြောသည်ဟုသိရသည်။

ယူကရိန်းနိုင်ငံအနေဖြင့် NATO အဖွဲ့နှင့် ရုရှားနိုင်ငံတို့ကြားတွင် ကြားနေဝါဒကိုသာ စွဲကိုင်ခဲ့ပါက ၂၀၂၂ ခုနှစ်တွင် ရုရှားနှင့်ဖြစ်ပွားမည့်တင်းမာမှုများကို ရှောင်လွှဲနိုင်ခဲ့မည်ဖြစ်ကြောင်း ဘိုင်ဒင်၏အမျိုးသားလုံခြုံရေးကောင်စီအဖွဲ့ဝင်ဟောင်း အမန်ဒါစလုတ်ကပြောထားခြင်းဖြစ်သည်။

အလားတူ အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းနိုင်ငံကို လက်ရှိလျှောက်လှမ်းနေရသောလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးခဲ့မှုအတွက်လည်း ၎င်းကစိတ်မသက်မသာဖြစ်ရကြောင်း အမန်ဒါစလုတ်ကဆက်ပြောသည်။

ထို့နောက် အမန်ဒါစလုတ်၏ပြောဆိုမှုနှင့်ပတ်သက်၍ ရုရှားထိပ်တန်းတာဝန်ရှိသူတစ်ဦးဖြစ်သည့် ကီရေးဒီမီထရပ်က ဂျိုးဘိုင်ဒင်၏နောက်ကွယ်မှ အာဏာကွန်ရက်က ကြိုတင်ကာကွယ်နိုင်သောစစ်ပွဲဖြစ်ပွားစေရန် အစပျိုးခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ၂၀၁၄ ခုနှစ်တွင် ယူကရိန်း၌ အစိုးရအဖွဲ့အသစ်က NATO အဖွဲ့ဝင်ဖြစ်ရေးကို နိုင်ငံခြားရေးမူဝါဒအဖြစ်ကြေညာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: RT**




OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
ရွှေဖီဦး
Black Tea
SHWE PHE OO
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၄၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကျန်းဆိုးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ABA
2016
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ် . . .**

❖ **ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ် . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင်ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ☽**

# Basel Institute on Governance ၏ Basel AML Index 2025 အရ မြန်မာနိုင်ငံအား အဆင့်သတ်မှတ်ဖော်ပြချက်အပေါ် ကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် International Non-profit Organization တစ်ခုဖြစ်သည့် Basel Institute on Governance က ၂၀၂၅ ခုနှစ်၊ဒီဇင်ဘာလအတွင်း ထုတ်ပြန်ခဲ့သည့် Basel AML Index 2025 အရမြန်မာနိုင်ငံသည် နိုင်ငံနှင့်ဒေသပေါင်း ၁၇၇ နိုင်ငံအနက် ဆုံးရှုံးနိုင်ခြေမြင့်မားသောနိုင်ငံစာရင်းတွင် နံပါတ် ၁ နိုင်ငံအဖြစ် သတ်မှတ်ဖော်ပြခဲ့ပါသည်။

**စာမျက်နှာ ၈ ကော်လံ ၁ ❒**

# ဆီးဂိမ်းလှေလှော်ပြိုင်ပွဲ အမျိုးသားတစ်ယောက်လှော် မီတာ ၅၀၀ ပွဲစဉ်တွင် မြန်မာနိုင်ငံကငွေတံဆိပ်ဆုဆွတ်ခူးရရှိ




ရန်ကုန် ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) လှေလှော်ပြိုင်ပွဲ အမျိုးသားတစ်ယောက်လှော် မီတာ ၅၀၀ ပွဲစဉ်တွင် မြန်မာနိုင်ငံက ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂၂ ကော်လံ ၃ ➤**